# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇွန်လ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၊ စနေနေ့။ Saturday, 31 January 2026 ၁၂၀၇၉


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ပြီး ရှုပ်ရှုပ်ချွံချွံတိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက အောင်သပြေခက်များဖြင့် ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။

# စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ပြီး ရှုပ်ရှုပ်ချွံချွံတိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဇန်နဝါရီ ၃၀

ပြည်သူများအား နှိပ်စက်ညှဉ်းပန်း၍ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ချွတ်ခြုံကျစေသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သော ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲဒေသနှင့် နောင်ချိုမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်နှင့် မလှိုင်မြို့နယ်ဒေသတစ်ဝိုက်ရှိ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအား ရှုပ်ရှုပ်ချွံချွံတိုက်ပွဲဝင်၍ အောင်ပွဲအလီလီရယူနိုင်ခဲ့သော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ အနုပညာရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ★

## ယနေ့ ဖတ်စရာ


အာဆီယံစီးပွားရေးအသိုက်အဝန်း မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆ -၂၀၃၀) ကို အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက် (မူကြမ်း) နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ စာမျက်နှာ » ၅

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ(အပိုင်း ၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ စာမျက်နှာ » ၉

ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုကြီးကို အစဉ်အမြဲကာကွယ်စောင့်ရှောက် ဆောင်းပါး စာမျက်နှာ » ၆

အစိုးရဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲကျင်းပမည့် အချိန်ဇယားကြေညာ စာမျက်နှာ » ၇

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာ စာမျက်နှာ » ၈


## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၃၀

| | | |
|---|---|---|
| ဟားခါး | ၁ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၄ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၄ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၅ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၆ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၆ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| လားရှိုး | ၇ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| မင်းကင်း | ၈ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| သီပေါ | ၈ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |

ကြေးမုံ

# မဟုတ်မမှန်လုပ်ကြံစွပ်စွဲမှုများအား တိကျခိုင်မာစွာဖြင့် တုံ့ပြန်ချေဖျက်

ဂမ်ဘီယာနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲကို ဇန်နဝါရီ ၁၂ ရက်နေ့မှ ၂၉ ရက်နေ့အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံဘက်မှရှေ့နေများ ဒုတိယအကျော့ လျှောက်လဲမှုကို ဇန်နဝါရီ ၂၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင်ပြုလုပ်ခဲ့ပြီး ဂမ်ဘီယာနိုင်ငံဘက်မှ မဟုတ်မမှန်လုပ်ကြံစွပ်စွဲချက်များကို မြန်မာနိုင်ငံရှေ့နေများက အကိုးအကား အထောက်အထား အချက်အလက်များနှင့် တိကျခိုင်မာစွာ တုံ့ပြန်ချေဖျက်ဖြေရှင်းနိုင်ခဲ့သည်။

မြန်မာနိုင်ငံ၏ ရှေ့နေများသည် ရှေ့နေများ၏ကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းပြီး တိတိကျကျ ခိုင်ခိုင်မာမာ မှန်ကန်စွာထွက်ဆိုခဲ့ကြသည်။ မြန်မာနိုင်ငံအနေဖြင့် အချုပ်အခြာအာဏာပိုင်ဆိုင်သည့်နိုင်ငံဖြစ်ပြီး ကုလသမဂ္ဂ၊ လူမျိုးသုဉ်းစေမှုစာချုပ်တို့၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ စာချုပ်ပါအချက်အလက်များကို အပြည့်အဝလိုက်နာဆောင်ရွက်နေသည့်နိုင်ငံဖြစ်သည်။ နိုင်ငံတစ်နိုင်ငံအနေဖြင့် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးကို ဆောင်ရွက်ရာတွင် လူမျိုးသုဉ်းကျူးလွန်မှုဖြစ်စေနိုင်သော်လည်း မြန်မာနိုင်ငံ၏ဖြစ်စဉ်တွင် ဖြစ်ပွားခဲ့ခြင်းမရှိကြောင်းကို အပြည်ပြည်ဆိုင်ရာစုံစမ်းစစ်ဆေးရေးကော်မရှင်(ICOE)တွင် အတိအလင်း အသိပေးတင်ပြထားပြီးဖြစ်သည်။

ဂမ်ဘီယာနိုင်ငံအနေဖြင့် ဖြစ်စဉ်အသေးစိတ်ကို လေ့လာခြင်းမရှိဘဲ အချက်အလက်စုံစမ်းရှာဖွေရေးအဖွဲ့(FFM)၏ အချက်အလက်များကိုကိုးကား၍ ရွာသုံးရွာကိုသာ ရည်ညွှန်းပြောဆိုခဲ့သည်ကို တွေ့ရသည်။ ဂမ်ဘီယာနိုင်ငံက အုပ်စုတစ်စုကို သတ်ဖြတ်သည်ဟု စွပ်စွဲသော်လည်း မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာသွားသူများအား တိုက်ခိုက်မှုမပြုလုပ်သကဲ့သို့ တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာသူစခန်းများတွင် နေထိုင်သူများအား တိုက်ခိုက်ခြင်းမပြုလုပ်ဘဲ ကာကွယ်စောင့်ရှောက်ပေးခဲ့သည်ကို သက်သေအထောက်အထားများဖြင့် ပြသနိုင်ခဲ့သည်။ အမှန်တကယ်တွင် တစ်ဖက်နိုင်ငံမှ ARSA အကြမ်းဖက်သမားများက ဒေသနေပြည်သူများနှင့် မူရင်းတိုင်းရင်းသားများကို သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။

ဂမ်ဘီယာနိုင်ငံဘက်မှ ပထမအစီရင်ခံစာတွင် ARSA အကြောင်းကို ဖော်ပြခြင်းမရှိခဲ့သော်လည်း မြန်မာနိုင်ငံမှ အထောက်အထားခိုင်မာစွာပြောကြားလာသည့်အခါမှသာ ဒုတိယအစီရင်ခံစာတွင် ARSA သည် အင်အားရှိသည့် တိုက်ခိုက်ရေးအဖွဲ့ဖြစ်သည်ဟု ပြောကြားလာခဲ့သည်။ ယခုအမှုတွင် ဂမ်ဘီယာအတွက်ပံ့ပိုးနေသည့် အဖွဲ့အစည်းများနှင့်လည်း ပတ်သက်ဆက်နွှယ်မှုရှိနေကြောင်း ဝန်ခံလျှောက်လဲထားသည်။ ARSA အကြမ်းဖက်အဖွဲ့သည် အရှေ့အလယ်ပိုင်းနိုင်ငံများရှိ လူပုဂ္ဂိုလ်များထံမှ အထောက်အပံ့များရရှိထားပြီး အင်အားတိုးချဲ့၍ အကြမ်းဖက်တိုက်ခိုက်ရေးသင်တန်းများ တက်ရောက်ခဲ့သူများဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံနယ်စပ် ရဲကင်းစခန်းသုံးခုကို တိုက်ခိုက်ပြီးနောက် ၂၀၁၇ ခုနှစ်တွင် ရဲကင်းစခန်း ၃၀ ကို တစ်ပြိုင်တည်း တိုက်ခိုက်နိုင်စွမ်းရှိသည်အထိ အင်အားစုဖွဲ့လာခဲ့သည်။

ARSA အင်အား ၁၇၀၀၀ ကျော်ရှိခဲ့ပြီး ပြည်ပမှထောက်ပံ့သူများကိုအားပြု၍ တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ ARSA အကြမ်းဖက်အင်အားများအပြင် ၎င်းတို့စည်းရုံးသိမ်းသွင်းထောက်ခံသူ အင်အားရာနှင့်ချီ၍ ပါဝင်တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။ စည်းရုံးသိမ်းသွင်းထားသော တုတ်၊ ဓားလက်နက်ကိုင် ဘင်္ဂါလီအကြမ်းဖက်များက အင်အားအသာစီးကိုယူ၍ ဒေသခံတိုင်းရင်းသားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခဲ့ကြသည်။ တပ်မတော်အနေဖြင့် အကြမ်းဖက်စစ်ဆင်ရေးမစတင်မီကပင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ပွဲအတွင်း လိုက်နာကျင့်သုံးရမည့် စည်းမျဉ်းများကို ညွှန်ကြားခဲ့ပြီး စည်းမျဉ်းအိတ်ဆောင်ကတ်ပြားများကို လုံခြုံရေးတပ်ဖွဲ့ဝင်တိုင်း အားပေးအပ်ခဲ့သည်။ စစ်ဆင်ရေးအတွင်း အကြမ်းဖက်သမားများနှင့် အရပ်သားများအား ခွဲခြားဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၆ ခုနှစ်ဖြစ်စဉ်တွင် ARSA အကြမ်းဖက် ၆၉ ဦးသေဆုံးခဲ့ပြီး ၂၀၁၇ ခုနှစ်ဖြစ်စဉ်တွင် ARSA အကြမ်းဖက် ၃၇၆ ဦး သေဆုံးခဲ့သော်လည်း ICOE အစီရင်ခံစာတွင် အရပ်သားများသေဆုံးကြောင်း ဖော်ပြထားသည်။ တပ်မတော်အနေဖြင့် စစ်ဆင်ရေးအတွင်း ARSA အကြမ်းဖက်သမားများ လိုက်လံတိုက်ခိုက်သတ်ဖြတ်သည့် ရခိုင်၊ မြို၊ ဒိုင်းနက်လူမျိုးနှင့် ဟိန္ဒူများကို ကယ်တင်ပေးခဲ့သည့်အပြင် ARSA က သတင်းပေးဟုစွပ်စွဲသည့် ဘင်္ဂါလီများကို ကယ်တင်ပေးခဲ့ပြီး ရခိုင်နှင့် ဘင်္ဂါလီများအကြား ပဋိပက္ခမဖြစ်စေရန် ကာကွယ်ပေးခဲ့သည်။ အဆိုပါအချက်များသည် မြေပြင်ပကတိဖြစ်စဉ်အမှန်များဖြစ်ပြီး တရားသူကြီးများက မေးခွန်းထုတ်သည့်အပေါ် တိကျခိုင်မာသည့် သက်သေအထောက်အထားဖြင့် မြန်မာရှေ့နေများက ဖြေကြားခဲ့မှုများဖြစ်သည်။

သို့ဖြစ်ရာ ဂမ်ဘီယာနိုင်ငံက တင်သွင်းသည့် ထွက်ဆိုချက်များသည် ယခင်ဖော်ပြချက်များနှင့်ကိုက်ညီမှုမရှိဘဲ မြန်မာနိုင်ငံရှေ့နေများက ထောက်ပြပြောဆိုနိုင်ခြင်း၊ အထူးသဖြင့် ARSA အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ARSA ၏ အရေးပါသည့် အခန်းကဏ္ဍများကို ဖုံးကွယ်ထွက်ဆိုမှုများ၊ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံက တရားဥပဒေနှင့်အညီ အကြမ်းဖက်နှိမ်နင်းရေးဆောင်ရွက်မှုအား လူမျိုးသုဉ်းသတ်ဖြတ်မှုအဖြစ် မဟုတ်မမှန် ပုံဖော်ပြောဆိုခဲ့မှုများကို သက်သေအထောက်အထား တိကျခိုင်မာစွာဖြင့် တုံ့ပြန်ချေဖျက်နိုင်ခဲ့ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။
၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။
၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။
၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။
၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ် သက်တမ်းခွင့်ပြုပေးခဲ့ပါသည်။

၂။ အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေ ကျပ်တစ်သောင်းပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ်အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၈၆၀၄၇၅၀၊ ၀၁-၈၆၀၄၇၅၁၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ၃၀ - ၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃၀ - ၁ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၄၀၀ | ၃၇ | ၃၀၈,၇၀၀ |
| MTSH | ၃,၈၀၀ | ၃,၇၅၀ | ၄၄၇ | ၁,၆၉၇,၈၅၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၂,၇၅၀ | ၂,၇၅၀ | ၁,၄၁၂ | ၃,၈၁၇,၀၀၀ |
| TMH | ၃,၂၀၀ | ၃,၂၅၀ | ၆ | ၁၉,၃၀၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၁,၅၇၉ | ၂,၅၃၀,၃၅၀ |
| AMATA | ၃,၉၀၀ | ၄,၂၀၀ | ၁၄ | ၅၅,၈၀၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၇၃၈ | ၂,၂၈၇,၈၀၀ |
| MADPL(PLB) | ၂,၆၀၀ | ၂,၆၀၀ | ၇ | ၁၈,၂၀၀ |
| ASPGB(PLB) | ၃၀,၀၀၀ | ၃၂,၀၀၀ | ၁၀၉ | ၃,၂၈၉,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထဲရေးဝန်ကြီးဌာနမိသားစု ဆဋ္ဌမအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ



နေပြည်တော် ဇန်နဝါရီ ၃၀

ပြည်ထဲရေးဝန်ကြီးဌာနမိသားစု ဆဋ္ဌမအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၈)၌ ကျင်းပသည်။

ထမနဲပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူနှင့် ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့်ဇနီး၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ/အရာရှိကြီးများနှင့်ဇနီးများ၊ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ စုံညီစွာတက်ရောက်ကြပြီး ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသော မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲသည် ၁၂ လရာသီပွဲတော်များ၌ စုပေါင်းအားဖြင့် စည်းလုံးညီညွတ်စွာဆောင်ရွက်ရသည့် ထူးမြတ်သောရိုးရာပွဲတော်တစ်ခုဖြစ်ကြောင်း၊ မြန်မာတို့၏ရှေးထုံးတမ်းအစဉ်အလာရိုးရာပွဲတော်များကို စဉ်ဆက်မပြတ် ထိန်းသိမ်းတတ်စေရန်၊ တစ်ဦးနှင့်တစ်ဦး ပိုမိုစည်းလုံးညီညွတ်စွာဖြင့် အချင်းချင်းရိုင်းပင်းကူညီစိတ်၊ ပူးပေါင်းဆောင်ရွက်တတ်သည့်စိတ်ဓာတ်များ ရှင်သန်စေရန်အတွက် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ကြောင်း မှာကြားသည်။

အဆိုပါ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ ပြိုင်ပွဲဝင်အသင်းခြောက်သင်း ပါဝင်ယှဉ်ပြိုင်ကြရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့်ဇနီးဦးဆောင်သောအဖွဲ့က ပြိုင်ပွဲဝင်အသင်းများ၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို လိုက်လံကြည့်ရှုအားပေးကာ ပြိုင်ပွဲဝင်အသင်းများက အားကြိုးမာန်တက် ယှဉ်ပြိုင်၍ ဝန်ထမ်းများကလည်း ဒိုးပတ်ဝိုင်းများဖြင့် ပျော်ရွှင်စွာအားပေးကြသည်။

ထို့နောက် ထမနဲထိုးပြိုင်ပွဲ၌ ဆုရရှိကြသည့် ပြိုင်ပွဲဝင်အသင်းများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၀**

နိုင်ငံ့ဝန်ထမ်းများ စည်းလုံးညီညွတ်စေရန်၊ ဦးစီးဌာနများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုတိုးပွားပြီး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန်နှင့် ဝန်ထမ်းများ အပန်းပြေ ပျော်ရွှင်စေခြင်းဖြင့် လုပ်ငန်းတာဝန်ဝတ္တရားများကို တက်ကြွလန်းဆန်းစွာ ထမ်းဆောင်နိုင်ကြစေရန် ရည်ရွယ်ချက်များဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၅)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန ရှစ်ခုမှ ဝန်ထမ်းများ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

ထမနဲထိုးပြိုင်ပွဲသို့ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ တက်ရောက်အားပေးကြပြီး အမှတ်ပေးဒိုင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာအတိုင်း စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲများ အပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိကြသည့် ဦးစီးဌာနကိုယ်စားပြု အသင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ပြီး ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက အောင်သပြေခက်များဖြင့် ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။

★ **ရှေ့ဖုံးမှ**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ပြီး ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်၍ အောင်ပွဲအလီလီ ရယူနိုင်ခဲ့သော အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ ဘင်ခရာ၊ အတီး၊ အမှုတ်၊ အကအလှများဖြင့် လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားစီမံကိန်းဝန်ကြီးဌာန မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၀

အမျိုးသားစီမံကိန်းဝန်ကြီးဌာန၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။

ထမနဲထိုးပြိုင်ပွဲသို့ အမျိုးသားစီမံကိန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ပြိုင်ပွဲဝင်အသင်းများ၏ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ တပျော်တပါး ထမနဲထိုး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့်ပြိုင်ပွဲဝင်အသင်းများနှင့် အားပေးမှုအကောင်းဆုံးဆု ရရှိကြသည့်အဖွဲ့များကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## နောက် နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၃၀

မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မိုး/ဇလ

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၃၀

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# ဂမ်ဘီယာနှင့် မြန်မာတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲတွင် မြန်မာ၏ ဒုတိယအကျေ့လျှောက်လဲမှု နောက်ဆုံးရက်၌ မြန်မာနိုင်ငံ၏ ရှေ့နေများက ဂမ်ဘီယာ၏ အထောက်အထားများ ခိုင်လုံမှုမရှိကြောင်းနှင့် တရားသူကြီးများ၏ မေးခွန်းများကို လျှောက်လဲဖြေကြား

နေပြည်တော် ဇန်နဝါရီ ၃၀

ဂမ်ဘီယာနှင့် မြန်မာတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲ (Oral Hearing) ကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ပြုလုပ်လျက်ရှိရာ မြန်မာနိုင်ငံ၏ ဒုတိယအကျေ့လျှောက်လဲမှု နောက်ဆုံးရက်ကို ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီ နှင့် မွန်းလွဲ ၃ နာရီမှ ညနေ ၄ နာရီခွဲ အထိ ပြုလုပ်သည်။

မြန်မာနိုင်ငံ၏ ရှေ့နေများက ဂမ်ဘီယာ၏ အထောက်အထားများ ခိုင်လုံမှုမရှိကြောင်းနှင့် တရားသူကြီးများ၏ မေးခွန်းများကို လျှောက်လဲဖြေကြားကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ၏ ရှေ့နေ Ms. Alina Miron က တရားသူကြီး Gomez ၏ မေးခွန်းကို ဖြေကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးအစီရင်ခံစာတင်သွင်းသူ Ms. Yang Hee Lee ကိုမြန်မာနိုင်ငံသို့ ခြောက်ကြိမ်ထက်မနည်း လာရောက်ခွင့်ပြုခဲ့ပြီး ရခိုင်ပြည်နယ်သို့လည်း သွားရောက်ခွင့်ပြုခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် Ms. Yang Hee Lee ၏ ပြောကြားချက်များသည် သံတမန်မဆန်ဘဲ မြန်မာလူမျိုးနှင့် မြန်မာနိုင်ငံသားများအပေါ် ထိခိုက်စေသဖြင့် မြန်မာနိုင်ငံက ၎င်းအပေါ် ယုံကြည်မှုလျော့ပါးခဲ့ပါကြောင်း၊ ကုလသမဂ္ဂ၏ အချက်အလက်စုံစမ်းရှာဖွေရေးအဖွဲ့ (FFM)ကို ဖွဲ့စည်းသည့် ဆုံးဖြတ်ချက်သည် မဲပေးခြင်း မပြုဘဲဆုံးဖြတ်ခဲ့သော်လည်း အဖွဲ့ဝင်နိုင်ငံအားလုံးက သဘောတူဆုံးဖြတ်ခြင်း မဟုတ်ဘဲ မထောက်ခံသည့် (dissociate) နိုင်ငံများ ရှိခဲ့ပါကြောင်း။

FFM နှင့် မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးယန္တရား (IIMM) ကို အသိအမှတ်မပြုရခြင်းမှာလည်း လူ့အခွင့်အရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ၏ သဘောထားကို ရယူခြင်းမရှိဘဲ မြန်မာနိုင်ငံကို ဆန့်ကျင်လျက်ရှိသော ဒေသတွင်းနိုင်ငံများ၏ သဘောတူညီချက်ဖြင့် FFM နှင့် IIMM ကို ဖွဲ့စည်းခဲ့သဖြင့်လည်းကောင်း၊ FFM ၏ လုပ်ငန်းတာဝန်များကို ဖော်ပြရာတွင် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျူးလွန်သည့်ပြစ်မှုများကို စစ်ဆေးရန်ဟု စတင်ကတည်းက ဖော်ပြထားခြင်းသည် ဘက်လိုက်မှုရှိနေသဖြင့်လည်းကောင်း မြန်မာနိုင်ငံက ယုံကြည်မှုပျက်ပြားခြင်းဖြစ်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံ၏ ကုလသမဂ္ဂ ကိုယ်စားလှယ်မှာ ၂၀၂၂ ခုနှစ်ကပင် ကုလသမဂ္ဂအဓိကအဖွဲ့အစည်းများတွင် ပါဝင်ဆွေးနွေးခွင့်မရှိခဲ့ပါကြောင်း၊ လူ့အခွင့်အရေး ကောင်စီအနေဖြင့် မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိဘဲ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်စွပ်စွဲသော လုပ်ထုံးလုပ်နည်းများဖြင့် အချက်အလက်များ စုဆောင်းခဲ့သဖြင့် မြန်မာနိုင်ငံက FFM ၏ လုပ်ငန်းစဉ်အပေါ် ပူးပေါင်းဆောင်ရွက်ရန် တာဝန်မရှိပါကြောင်း၊ Genocide Convention နှင့် ကုလသမဂ္ဂပဋိညာဉ်တွင်လည်း ယင်းသို့သော အဖွဲ့အစည်းများ နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုနိုင်သည့် ပြဋ္ဌာန်းချက်မျိုး ဖော်ပြထားခြင်းမရှိပါကြောင်း။

တရားသူကြီး Gomez Robledo ၏ သက်သေခံအချက်အလက်များနှင့်စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားရာတွင် အငြင်းပွားသည့်နိုင်ငံအချင်းချင်းအကြား အမှန်တရားရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်တာဝန်ရှိသည်ဟု ဖော်ပြထားသော်လည်း FFM နှင့် IIMM ကဲ့သို့သော Third party နှင့် ပူးပေါင်းဆောင်ရွက်ရန် တာဝန်မရှိကြောင်းကို ယင်းအမှုတွင် ဖော်ပြထားပါကြောင်း၊ ထို့ကြောင့် တရားရုံးအနေဖြင့် Genocide Convention နှင့် ဥပဒေအချက်အလက်များအရ မြန်မာနိုင်ငံသည် ပူးပေါင်းဆောင်ရွက်ရန် တာဝန်မရှိသည်ကို တာဝန်ရှိသည်ဟု ဆွဲယူသုံးသပ်ခြင်းမျိုးမပြုသင့်ပါကြောင်း၊ ဂမ်ဘီယာအနေဖြင့် မြန်မာနိုင်ငံသည် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အခြားသူများကို အရေးယူသင့်ကြောင်း တင်ပြရာတွင် မြန်မာနိုင်ငံမှ အဓိကတာဝန်ရှိပုဂ္ဂိုလ်ခြောက်ဦးဟူ၍ အမည်တပ်ကာ ယခင်က အစဉ်တစိုက် ဖော်ပြလျှောက်ထားခဲ့သော်လည်း ဂမ်ဘီယာ Agent ၏ နောက်ဆုံးတင်ပြသော တောင်းဆိုချက်တွင် အဆိုပါပုဂ္ဂိုလ်များ၏ အမည်များအား ထည့်သွင်းဖော်ပြခြင်း မပြုတော့သဖြင့် ဂမ်ဘီယာအနေဖြင့် ယင်းစွပ်စွဲပြောဆိုချက်အပေါ် ပြန်လည်ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်ဟု ယူဆနိုင်ကြောင်း။



အချက်အလက်များအား စုံစမ်းထောက်လှမ်းရမည့် တာဝန်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ကြားဖြတ်စီမံဆောင်ရွက်ချက်များကို အကောင်အထည်ဖော်သည့် အစီရင်ခံစာများတွင် တရားစွဲဆိုအရေးယူမှုများအား ထည့်သွင်းဖော်ပြခဲ့ပါကြောင်း၊ ICOE အဖွဲ့ကို ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံသားနှစ်ဦး၊ နိုင်ငံတကာ ကျွမ်းကျင်ပုဂ္ဂိုလ်နှစ်ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး အဖွဲ့အစည်းကို ဖွဲ့စည်းသည့် လုပ်ငန်းဖွဲ့စည်းမှုစည်းမျဉ်းများ (TOR) အရ ဘက်လိုက်မှုကင်းရှင်းပြီး FFM ထက်သာလွန်ပါကြောင်း၊ အဆိုပါအဖွဲ့အစည်း၏ ပဏာမစိစစ်ချက်များအပေါ် ထပ်မံ၍ စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ပါကြောင်း၊ ICOE မှ စုဆောင်းသည့် အချက်အလက်များကို စိစစ်ပြီး တရားစွဲဆိုအရေးယူနိုင်ရေးအတွက် CIPB အဖွဲ့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ အဆိုပါအဖွဲ့အား ARSA၊ ရဲနှင့် အရပ်သားများ၏ ကျူးလွန်သည်ဟု စွပ်စွဲမှုများကို တရားစွဲဆို အရေးယူနိုင်ရေးအတွက် အခွင့်အာဏာ ပေးထားကြောင်း၊ တပ်မတော်အား တပ်မတော်သားများ ကျူးလွန်သည်ဟု စွပ်စွဲပြောဆိုသော ကျူးလွန်မှုများအပေါ် တပ်မတော်၏ တရားစီရင်ရေးစနစ်ဖြင့် အရေးယူရန် အခွင့်အာဏာပေးထားကြောင်း။

တရားသူကြီး Charlesworth နှင့် Pillay တို့က မေးမြန်းသော စစ်ဆင်ရေးအတွင်း ပြင်းထန်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများဆိုင်ရာ မြန်မာနိုင်ငံ၏ စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ခဲ့သော အချက်အလက်များအား တင်ပြရန် မေးမြန်းချက်နှင့်စပ်လျဉ်း၍ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများသည် နစ်နာသူ၏ တိုင်ကြားချက်မရှိခြင်း၊ ကာလကြာရှည်မှ နောက်ကြောင်းပြန် တိုင်ကြားခြင်းတို့ကြောင့် အရေးယူဆောင်ရွက်မှုပြုရန် သက်သေလုံလောက်မှု မရှိပါကြောင်း။

တရားသူကြီး Charlesworth နှင့် Pillay တို့၏ ကျေးရွာများအား မီးရှို့ဖျက်ဆီးသည်ဟု ဆိုသော စွပ်စွဲချက်နှင့်စပ်လျဉ်းသည့် မေးမြန်းချက်အပေါ် မြန်မာ့တပ်မတော်က ကျူးလွန်သည်ဟု စွပ်စွဲပြောဆိုခဲ့သော်လည်း ဂမ်ဘီယာနိုင်ငံအနေဖြင့် သက်သေအထောက်အထား တင်ပြနိုင်ခြင်းမရှိကြောင်း လျှောက်လဲခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံ၏ ရှေ့နေ Mr. Sam Blom-cooper က လျှောက်လဲရာတွင် ဂမ်ဘီယာ၏ ဒုတိယအကျေ့လျှောက်လဲချက်တွင် မြန်မာနိုင်ငံအနေဖြင့် လူမျိုးသုဉ်းစေသည့် ဆောင်ရွက်ချက်ရည်ရွယ်ချက်များရှိသည်ဟု လုံးဝသက်သေမပြနိုင်ကြောင်း၊ ဂမ်ဘီယာ၏ ကျွမ်းကျင်သက်သေသည် အမှု၏နောက်ဆုံးအချိန်တွင်မှ မြန်မာနိုင်ငံအနေဖြင့် လူမျိုးသုဉ်းစေလိုသည်ကို သက်သေပြရန် မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များက ရွာများတွင် (ဘင်္ဂါလီရွာများကို ဝိုင်းပတ်ပိတ်ဆို့ခြင်း၊ ရုတ်ခြည်းတိုက်ခိုက်ခြင်း၊ ဘက်ပေါင်းစုံ ထောင့်ပေါင်းစုံမှတိုက်ခိုက်ကြောင်း၊ အရပ်သားများကိုမခွဲခြားဘဲ ပစ်ခတ်ခြင်း၊ အမျိုးသားကလေးများကို အမျိုးသမီးများနှင့် ခွဲခြားခြင်း၊ အမျိုးသမီးများကို အုပ်စုဖွဲ့အဓမ္မကျင့်ခြင်း၊ တရားမဲ့သတ်ဖြတ်ခြင်း၊ ထွက်ပြေးနေသူများကို ပစ်ခတ်ခြင်း၊ အိမ်များကို မီးရှို့ခြင်း၊ စက်ယန္တရားများနှင့် မြေရှင်းခြင်းစသည့် တူညီသော ဆောင်ရွက်မှု ပုံစံ (Modus Opreandi)ဖြင့်ကျူးလွန်သည်ဟု စကားလုံးအသစ်ဖြင့် ပြောဆိုလာပါကြောင်း။

ကျွမ်းကျင်သက်သေ၏ ထွက်ဆိုချက်တွင် အားနည်းချက်များကို သက်သေစစ်ဆေးသည့် မြန်မာနိုင်ငံ၏ ရှေ့နေ Mr.Hooper က ထောက်ပြခဲ့ပြီးဖြစ်ကြောင်း၊ ကျွမ်းကျင်သက်သေက နေရာ ၅၄ နေရာတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများရှိခဲ့သည်ဟု ဆိုသော်လည်း ဂမ်ဘီယာ၏ ဒုတိယအကျေ့လျှောက်လဲချက်အရ ၁၀ နေရာခန့်သာ ရှိသည်ဟု ပြင်ဆင်လျှောက်လဲပြန်ပါကြောင်း၊ ကလေးများ သေဆုံးသည်ကို ဂမ်ဘီယာက နယ်စည်းမခြား ဆရာဝန်များ အဖွဲ့၏ အချက်အလက်ကိန်းဂဏန်းများကို ကိုးကား၍ဖော်ပြသော်လည်း ယင်းအချက်အလက်များသည် အကြမ်းဖျင်းကောက်နုတ်၍ ခြုံငုံတင်ပြချက်များဖြစ်ပြီး တိကျသေချာသည်ဟု မဆိုလိုနိုင်သည့် ချဲ့ကားထားသော ကိန်းဂဏန်းများဖြစ်ကြောင်း လျှောက်လဲသည်။

ထို့နောက် မြန်မာနိုင်ငံ၏ ရှေ့နေ Prof. Talmon က ဂမ်ဘီယာက တောင်းဆိုထားသည့် ပေးလျော်ရန်ကိစ္စများနှင့်ပတ်သက်၍ တရားရုံးသည် လူမျိုးသုဉ်းစေမှုနှင့်ပတ်သက်၍ အမှုကျူးလွန်ကြောင်းနှင့် ဆက်လက်မကျူးလွန်ရန် တားမြစ်ကြောင်း ကိစ္စများကိုသာ ဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်း၊ တရားသူကြီး Cleveland မေးမြန်းသည့် အပြည်ပြည်ဆိုင်ရာတရားရုံးများ၊ ခုံရုံးများနှင့်အမှုသည်များက ဤအမှုတွင် ပေးလျော်ရန် ကိစ္စကို ကိုင်တွယ်ဆုံးဖြတ်ရန်သင့်လျော်သည်ဟု ယူဆသည့် တရားရုံးများဆိုင်ရာ မေးခွန်းနှင့်ပတ်သက်၍ နစ်နာသူမဟုတ်သည့် နိုင်ငံက စာချုပ်ဝင်နိုင်ငံအနေဖြင့် စွဲဆိုသည့် ကိစ္စတွင် လျော်ကြေးအလိုရှိသူသည် စွဲဆိုသည့်နိုင်ငံသား မဟုတ်ကြောင်း၊ လက်ရှိအထိ နစ်နာသူမဟုတ်သည့် တရားစွဲဆိုသည့် နိုင်ငံနှင့်ပတ်သက်၍ ယခင်ဆုံးဖြတ်ချက်များ မရှိဖူးသေးကြောင်း။

ယင်းကဲ့သို့သော အမှုမျိုးသည် ဥရောပလူ့အခွင့်အရေး စာချုပ်၊ အမေရိက လူ့အခွင့် အရေးစာချုပ်နှင့် အာဖရိကလူသားနှင့် လူပုဂ္ဂိုလ်များ၏ ပဋိညာဉ်စာချုပ်စသည်တို့တွင်သာ အကျုံးဝင်မည်ဖြစ်ကြောင်း၊ အကယ်၍ နစ်နာသူတစ်ဦးတစ်ယောက်က စာချုပ်တွင် ပါဝင်ခြင်းမရှိသည့် နိုင်ငံကို စွဲဆိုပါက နစ်နာမှုအတွက် လျော်ကြေးတောင်းခံပိုင်ခွင့်မရှိကြောင်း ICJ တရားရုံးကိုယ်တိုင်က ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အကြံပေးခြင်းတွင် အတည်ပြုထားပါကြောင်း၊ နစ်နာသူမဟုတ်သည့် နိုင်ငံလျော်ကြေးတောင်းခံမည်ဆိုပါက နိုင်ငံများက အပြိုင်တောင်းဆိုခြင်း၊ မတူညီသည့် တောင်းဆိုမှုများ ပြုခြင်းရှိနိုင်ပြီး လျော်ကြေးကို အမှန်နစ်နာသူထံ မည်သို့မည်ပုံရရှိအောင် ပေးအပ်မည်ကလည်း အခက်အခဲရှိပါကြောင်း၊ အထူးသဖြင့် စွဲဆိုခံရသည့် နိုင်ငံ၏ နိုင်ငံသားမဟုတ်သူများက တရားမျှတမှုကြားကာလတရားစီရင်ရေးတို့တွင် တောင်းဆိုချက်များသည် အခက်အခဲရှိကြောင်း၊ သို့ဖြစ်၍ ယခုကိစ္စရပ်မျိုးတွင် စာချုပ်ကို လိုက်နာရန်နှင့် ဖောက်ဖျက်မှုများရပ်တန့်ရန် ကိစ္စများကို ဆုံးဖြတ်ရန်သာ အဓိကသင့်လျော်ကြောင်း လျှောက်လဲသည်။

ယင်းနောက် မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေ Mr. Staker က ဂမ်ဘီယာ၏ သက်သေများ သက်သေအဆင့်မမီကြောင်းနှင့် ပတ်သက်၍ တရားသူကြီး Cleveland၏ မြန်မာနိုင်ငံက ကုလသမဂ္ဂအချက်အလက်ရှာဖွေရေးအဖွဲ့၊ NGO များ၏ မေးခွန်းဖြေကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့၊ NGO များ၏ အချက်အလက်များသည် သက်သေအဆင့်လုံးဝမရှိကြောင်း ငြင်းဆိုနေခြင်းမဟုတ်ကြောင်း၊ ယခုအမှုတွင် အဓိကအချက်များဖြစ်သည့် ရက်စက်ဆိုးရွားမှုများ ကျူးလွန်ခြင်း၊ ယင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့်ကျူးလွန်ခြင်း၊ တစ်ပုံစံတည်း ကျူးလွန်ခြင်းဟူသော စွပ်စွဲချက်များက အဓိကဖြစ်နေသဖြင့် ယင်းတို့ကို သက်သေပြရာတွင် လူမျိုးသုဉ်းသတ်ဖြတ်ခြင်းမှလွဲ၍ အခြားကောက်ချက်ချရန် မရှိသည်အထိ သက်သေပြရန် မဖြစ်နိုင်ကြောင်း။

ထိုသို့သက်သေပြနိုင်ရန် သက်သေအဆင့်အတန်းမြင့်မားရန်လိုအပ်ကြောင်း၊ အထက်ပါ ကုလသမဂ္ဂနှင့် ပြင်ပအဖွဲ့အစည်းများသည် တစ်ဆင့်ကြားအချက်အလက်များကိုသာ ကိုးကားရေးသားသဖြင့် ၎င်းတို့ကို ယခုအမှုတွင်သက်သေခံအဆင့်မမီကြောင်း သတ်မှတ်ပေးရန် မြန်မာကရပ်တည်ပါကြောင်း၊ သာမန်အရပ်ဘက် တရားရုံး၊ နိုင်ငံတကာ ပြစ်မှုခုံရုံးစသည်တို့တွင် ယခုကဲ့သို့သော သက်သေများကို လက်မခံပါကြောင်း၊ IIMM အနေဖြင့် စတင်ဖွဲ့စည်းချိန်မှ ခုနစ်နှစ်အတွင်း ယခုအမှုအတွက် ထွက်ဆိုချက် ၄၂ ခုသာ ထောက်ပံ့ပေးနိုင်ကြောင်း၊ မြန်မာက ARSA အကြမ်းဖက်အဖွဲ့နှင့် ပတ်သက်၍ FFM နှင့် NGO များကို ကိုးကားလျှောက်လဲခြင်းမှာ မြန်မာက ယင်းကိစ္စများကို သက်သေပြလို၍ မဟုတ်ဘဲ ဂမ်ဘီယာ၏ အချက်အလက်များအရ သက်သေပြရမည့် စံနှုန်းမညီကြောင်း ထောက်ပြလိုခြင်းသာဖြစ်ကြောင်း။

အမှန်သက်သေပြရမည့် တာဝန်သည် ဂမ်ဘီယာတွင်သာရှိကြောင်း၊ ဂမ်ဘီယာက FFM ဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှုကို အဖွဲ့တွင်ပါဝင်ခဲ့သူတစ်ဦး၏ အချက်အလက်များကို သုံး၍ ချေပနေသော်လည်း ယင်းအဖွဲ့တွင် မှုခင်းဆေးပညာစသည့် ကျွမ်းကျင်သူများမပါဝင်ကြောင်း၊ ဂမ်ဘီယာအနေဖြင့် တစ်ဆင့်ကြားစကားများဖြင့် များစွာစွပ်စွဲပြောဆိုနေသော်လည်း အင်းဒင်ဖြစ်စဉ်မှလွဲ၍ ဓာတ်ပုံ၊ ဗီဒီယိုသက်သေတစ်စုံတစ်ရာ ထုတ်ပြနိုင်ခြင်းမရှိသည်မှာလည်း မဖြစ်သင့်ကြောင်းစသည်ဖြင့် လျှောက်လဲသည်။

စာမျက်နှာ ၅ သို့ ❖

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ကိုယ်စားလှယ် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၏ ကြားနာပွဲပြီးဆုံးသည့် မိန့်ခွန်း

လေးစားအပ်ပါသော အပြည်ပြည်ဆိုင်ရာတရားရုံး ဥက္ကဋ္ဌကြီး၊ ဂုဏ်သရေရှိ ဒုတိယဥက္ကဋ္ဌကြီးနှင့် တရားသူကြီးမင်းများ ခင်ဗျား၊

၁။ ယခုလို တရားရုံး၏ရှေ့မှောက်သို့ ပြန်လည်လာရောက်၍ မြန်မာနိုင်ငံ၏ အဆိုပြုချက် တင်သွင်းခွင့်ရသည့်အတွက် ဂုဏ်ယူပါကြောင်း၊ အဆိုပြုချက် မတင်သွင်းမီ စကားအနည်းငယ် ပြောကြားလိုပါကြောင်း၊

၂။ ယခုရက်သတ္တပတ် ၃ ပတ်အကြာ ပြုလုပ်သည့်ကြားနာပွဲပြီးဆုံးမှုနှင့်အတူ တရားရင်ဆိုင်မှုတွင် ပါဝင်သူအားလုံးလည်း ပင်ပန်းသွားကြပြီဖြစ်ကြောင်း၊ တရားရုံးတွင်လည်း ယခုကဲ့သို့ ရှည်လျားသည့် ကြားနာပွဲမရှိခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ ယခု ကြားနာပွဲတွင် နှစ်ဖက်လျှောက်လဲချက်များကို တရားသူကြီးများက အလေးထားပြီး ဆင်ခြင်သုံးသပ်ပေးမည်ဖြစ်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခုအချိန်သည် တရားရုံးအတွက် အလုပ်များနေချိန်ဖြစ်နေကြောင်း၊ ယင်းကြားမှ အချိန်ပေးပြီး အထူးတလည် ဆောင်ရွက်ပေးသည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊

၃။ သို့သော် အမှုအတွက် အချိန်ပေးရန်နှင့် အာရုံစိုက်ပေးရန် အရေးကြီးပါကြောင်း၊ ထူးခြားသည့် အမှုလည်းဖြစ်ကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် အလွန်အရေးကြီးပါကြောင်း၊ ဤအမှုကို ပြည်တွင်း၌ မျက်ခြည်မပြတ် စောင့်ကြည့်နေကြကြောင်း၊ ယခု ရက်သတ္တပတ် (၃)ပတ် အတွင်း ပြည်တွင်း၊ ပြည်ပ၌ အလေးပေး စောင့်ကြည့်နေသူများအနေဖြင့် အမှု၏ရှုပ်ထွေးနက်နဲမှုကို သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံအနေဖြင့် ယခုကဲ့သို့ ကြီးလေးသည့် စွပ်စွဲချက်ကို ကာကွယ်ရသည့်အနေအထားကိုတော့ အနည်းဆုံး သိရှိခွင့်ရရှိကြမှာဖြစ်ကြောင်း၊ နိုင်ငံနှင့် ပြည်သူများအပြင် နောင်လာမည့် မျိုးဆက်သစ်များအတွက် အရေးပါသည့် အကျိုးစီးပွားအလို့ငှာ အမှုရင်ဆိုင်ရပုံနှင့် အဆင့်အတန်းရှိသည့် သက်သေများ



တင်သွင်းရပုံကို သိရှိနိုင်မည်ဖြစ်ကြောင်း၊

၄။ ယမန်နေ့က ဂမ်ဘီယာမှ တင်သွင်းသည့် သက်သေသုံးဦးက အမှုအတွက် သက်သေထူနိုင်ခြင်းမရှိကြောင်းကို မြန်မာရှေ့နေက လျှောက်လဲခဲ့ကြောင်း၊ ကြားနာပွဲကာလအတွင်း မြန်မာက ယင်းကဲ့သို့ မေးခွန်းများ ထုတ်ခဲ့ကြောင်း၊ မြန်မာက လူမျိုးသုဉ်းစေမှုဆိုင်ရာ သဘောတူစာချုပ်၏ အဓိပ္ပါယ်ဖွင့်ဆိုမှုကို မေးခွန်းထုတ်ခဲ့ကြောင်း၊ တစ်ဖက်က တင်သွင်းသည့် အချက်အလက်များ၏ ခိုင်မာမှုအပေါ် မေးခွန်းထုတ်ခဲ့ကြောင်း၊ ယင်းသို့ မေးခွန်းထုတ်ရခြင်းမှာ မြန်မာနိုင်ငံ၏ ဖြစ်စဉ်အမှန်ကို သိရှိစေလို၍ ဖြစ်ကြောင်း၊ ယင်းသို့ မေးခွန်းထုတ်ရခြင်းမှာ တရားရုံးအနေဖြင့် သမာသမတ်ကျစွာ အမှန်အတိုင်းတရားစီရင်မည်ကို ယုံကြည်၍ ဖြစ်ကြောင်း၊

၅။ နိဂုံးချုပ်အနေဖြင့် တရားရုံးမော်ကွန်းထိန်းနှင့် မော်ကွန်းထိန်းဌာနတွင် တာဝန်ထမ်းဆောင်နေသူအားလုံး၊ စကားပြန်များ၊ လုံခြုံရေးအဖွဲ့များအပြင် ကြားနာပွဲ အဆင်ပြေချောမွေ့စွာ ပြုလုပ်နိုင်ရေးအတွက် အလေးပေးဆောင်ရွက်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်နိုင်ငံ၏ လျှောက်လဲချက်များကို အလေးအနက်ထား နားထောင်ပေးခဲ့သည့် တရားရုံး၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင် တရားသူကြီးများအားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း။

၆။ ယခုမိမိအနေဖြင့် တရားရုံး၏ စည်းမျဉ်းဥပဒေ ပုဒ်မ ၆၀၊ အပိုဒ် ၂ အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကိုယ်စား အောက်ဖော်ပြပါ အဆိုလွှာအတိုင်း စီရင်ဆုံးဖြတ် ကြေညာပေးနိုင်ပါရန် အပြည်ပြည်ဆိုင်ရာ တရားရုံးအား လျှောက်တင်အပ်ပါသည် -

(က) လူမျိုးသုဉ်းစေမှုတားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေး သဘောတူစာချုပ်ကို ဖောက်ဖျက်ကြောင်း ဂမ်ဘီယာသမ္မတနိုင်ငံက တရားရုံးသို့ အဆိုပြုသည့် စွပ်စွဲချက်များမှာ ဥပဒေကြောင်းအရနှင့် အချက်အလက်ပိုင်းအရ ခိုင်မာမှုမရှိသည့်အတွက် ပယ်ချပေးပါရန်၊

(ခ) တရားရုံးက ၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၂၃ ရက်တွင် ချမှတ်ခဲ့သော ကြားဖြတ်စီမံဆောင်ရွက်ချက်ကို ဖောက်ဖျက်ကြောင်း ဂမ်ဘီယာသမ္မတနိုင်ငံက တရားရုံးသို့ အဆိုပြုသည့် စွပ်စွဲချက်များမှာ ဥပဒေကြောင်းအရနှင့် အချက်အလက်ပိုင်းအရ ခိုင်မာမှုမရှိသည့်အတွက် ပယ်ချပေးပါရန်နှင့်

(ဂ) ဂမ်ဘီယာက အဆိုပြုသည့် နစ်နာကြေးပေးရန်အပြင် အခြားအဆိုပြုချက်အားလုံးမှာ ဥပဒေကြောင်းအရနှင့် အချက်အလက်ပိုင်းအရ ခိုင်မာမှုမရှိသည့်အတွက် ပယ်ချပေးပါရန်။

❖ စာမျက်နှာ ၄ မှ

ထို့နောက် ရှေ့နေ Mr. Stefan Talmon က သက်သေအထောက်အထားပြသရန် တာဝန်နှင့် သက်သေအထောက်အထား အဆင့်အတန်းတို့နှင့် ပတ်သက်၍ လျှောက်လဲရာတွင် အမှုစွပ်စွဲသူ ဂမ်ဘီယာက သက်သေအထောက်အထားပြသရန် တာဝန်ရှိကြောင်း၊ ထို့အပြင် ကြီးလေးသည့်အမှုဖြင့် စွပ်စွဲထားသည့်အတွက် နိုင်ငံတစ်နိုင်ငံအတွက်သာမက ယင်းနိုင်ငံတွင် နေထိုင်သော သန်းပေါင်းများစွာရှိသည့် ပြည်သူများပါထာဝရအမည်းစက်ထင်မည့် ကိစ္စဖြစ်သဖြင့် အကြွင်းမဲ့ယုံကြည်ရလောက်သော အဆင့်အတန်းရှိသည့် သက်သေများကို ပြသရန်တာဝန်ရှိကြောင်း၊ တရားသူကြီး Hmoud က လူမျိုးသုဉ်းစေမှုကို စစ်ဆေးရာတွင် လူမျိုးသုဉ်းစေမည့် ရည်ရွယ်ချက်ရှိ /မရှိကို လူပုဂ္ဂိုလ်နှင့် နိုင်ငံတော်တို့အား ခွဲခြား၍ စစ်ဆေးရန် လို / မလို မေးခွန်းကို ဖြေကြားရမည်ဆိုပါက သက်သေအဆင့်အတန်း တူညီနေရန်လိုသည့်အတွက် ခွဲခြားရန်မလိုအပ်ကြောင်း၊ ထို့အပြင် နိုင်ငံတစ်နိုင်ငံသည် လူမျိုးသုဉ်းစေရန် ရည်ရွယ်ချက်အပြင် အခြားစေ့ဆော်မှုများ သို့မဟုတ် ရည်မှန်းချက်များရှိပါက လူမျိုးသုဉ်းစေရန် အထူးရည်ရွယ်ချက်ကို လျော့ပါးစေနိုင်သည်ဟု ဖြေကြားလိုပါကြောင်း လျှောက်လဲသည်။

ဆက်လက်၍ ရှေ့နေက ဂမ်ဘီယာသည် စွပ်စွဲသကဲ့သို့ တရားရုံးတွင် လူမျိုးသုဉ်းစေမှု မြောက် / မမြောက် ဆင်ခြင်ရာတွင် အမုန်းစကားမပါဝင်သည့်အတွက် စီရင်ထုံးများအပေါ် စိတ်ကူးအသစ်များ ဖြည့်စွက်၍ မရပါကြောင်း၊ ဂမ်ဘီယာ၏ ကျွမ်းကျင်သက်သေ Newton က လျှောက်လဲသကဲ့သို့ ဥပဒေကြောင်းအရတိုက်ခိုက်သည့် ပုံစံနီးစပ်မှုနှင့် စနစ်တကျစီစဉ်ပြီး တစ်ပုံစံတည်း စစ်ဆင်ရေးပြုလုပ်မှုကို ချိတ်ဆက်၍မရပါကြောင်း၊ လူမျိုးသုဉ်းစေမှုမြောက် / မမြောက် စစ်ဆေးရာတွင်လည်း ပျက်စီးဆုံးရှုံးမှုပမာဏကိုအခြေခံရသည့်အတွက် ဂမ်ဘီယာလျှောက်လဲသကဲ့သို့ အရေအတွက်နှင့် မဆိုင်ကြောင်း ကောက်ချက်ချ၍ မရကြောင်း၊ ကုလသမဂ္ဂက ဖွဲ့စည်းပေးသည့် အချက်အလက်ရှာဖွေရေးအဖွဲ့ (FFM)၊ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရား (IIMM) တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိသဖြင့် ဥပဒေကြောင်းအရ အမှုကိုဖုံးကွယ်သည်ဟုဆို၍ မရပါကြောင်း၊ အဓိကကျသည်မှာ စနစ်တကျစီစဉ်ပြီး တစ်ပုံစံတည်း စစ်ဆင်ရေးပြုလုပ်မှုကြောင့် လူမျိုးသုဉ်းစေမှုဖြစ်စေသည်ဟု ကောက်ချက်ချနိုင်မှသာ လူမျိုးသုဉ်းစေမှုမြောက်ပါကြောင်း လျှောက်လဲသည်။

မြန်မာနိုင်ငံ၏ရှေ့နေများ လျှောက်လဲအပြီးတွင် မြန်မာနိုင်ငံ၏ ကိုယ်စားလှယ် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က မိန့်ခွန်းပြောကြားခဲ့ပြီး ဂမ်ဘီယာ၏ လျှောက်လဲတောင်းဆိုချက်အားလုံးကို တရားရုံးအနေဖြင့် ပယ်ချပေးနိုင်ပါရန် အဆိုပြုလွှာတင်ပြခဲ့ကြောင်း သိရသည်။ **( မြန်မာနိုင်ငံ၏ ကိုယ်စားလှယ် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၏ မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)**

**သတင်းစဉ်**

## အာဆီယံစီးပွားရေးအသိုက်အဝန်း မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆ - ၂၀၃၀)ကို အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက်(မူကြမ်း)နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၀**

အာဆီယံစီးပွားရေးအသိုက်အဝန်း မဟာဗျူဟာလုပ်ငန်းအစီအစဉ်(၂၀၂၆-၂၀၃၀) ကို အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက်(မူကြမ်း)နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၁)၌ ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဝါဝါမောင်၊ အာဆီယံစီးပွားရေးအသိုက်အဝန်းမဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၀)ကို အကောင်အထည်ဖော်မည့်လုပ်ငန်းစီမံချက်(မူကြမ်း)တွင် ပါဝင်သော ဒုတိယဝန်ကြီးများ၊ ဘာသာရပ်ဆိုင်ရာအရာရှိများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံအနေဖြင့် အာဆီယံနှင့် မိတ်ဝတ်မပျက် ဆက်ဆံဆောင်ရွက်လျက်ရှိရာ အာဆီယံစီးပွားရေး အသိုက်အဝန်း(အေအီးစီ)အောက်မှ လုပ်ငန်းများကို အခြားအာဆီယံနိုင်ငံများနည်းတူ လိုက်ပါအကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ အေအီးစီ ၂၀၁၅ အတွက် ဘာသာရပ်ဆိုင်ရာ ဌာနများနှင့် လုပ်ငန်းကော်မတီ ၁၅ ခုကို ဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သကဲ့သို့အေအီးစီ ၂၀၂၅ အတွက် လုပ်ငန်းကော်မတီ ၂၂ ခုဖွဲ့၍ အကောင်အထည်ဖော်ခဲ့ကြောင်း၊ အာဆီယံအနေဖြင့် ဆက်လက်ဆောင်ရွက်မည့်အနာဂတ်ရည်မှန်းချက်အတွက် နှောင်နှစ်(၂၀)အထိ မျှော်မှန်း၍ အာဆီယံမျှော်မှန်းချက် ၂၀၄၅ ကို ရေးဆွဲထားပြီးဖြစ်ကာ ယင်းမျှော်မှန်းချက်ကို ၂၀၂၅ ခုနှစ် မေ ၂၆ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည့် (၄၆) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် အတည်ပြုခဲ့ကြောင်း။

ထို့ပြင် အေအီးစီအနေဖြင့် အာဆီယံမျှော်မှန်းချက် ၂၀၄၅ ကို ငါးနှစ်တာ လုပ်ငန်းအစီအစဉ် လေးခုချမှတ်၍အာဆီယံစီးပွားရေး အသိုက်အဝန်း (အေအီးစီ) မဟာဗျူဟာ လုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၀) ကို ပထမ ငါးနှစ်အတွက် ရေးဆွဲခဲ့ကြောင်း၊ ယင်းလုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၀) ရေးဆွဲရာတွင် သက်ဆိုင်ရာဌာနများ၏ သဘောထားများ မေးမြန်းဆောင်ရွက်ခဲ့သည့်အပြင် အေအီးစီလုပ်ငန်းကော်မတီ အစည်းအဝေးများတွင်လည်း ဝန်ကြီးဌာနများကို ရှင်းလင်းပြောကြားခဲ့ကြောင်း၊ ရေးဆွဲပြီးသည့် လုပ်ငန်းအစီအစဉ်ကိုလည်း ဝန်ကြီးဌာနများ သိရှိနိုင်ရေး ဖြန့်ဝေခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ရန်ကုန်မြို့၌ "အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ နှင့် အာဆီယံစီးပွားရေး အသိုက်အဝန်း (အေအီးစီ) မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၀) တို့နှင့်စပ်လျဉ်းပြီး ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းရှင်များအား အသိပညာမျှဝေသည့် ဆွေးနွေးပွဲ"ကိုလည်း ကျင်းပခဲ့ကြောင်း၊ အေအီးစီမဟာဗျူဟာလုပ်ငန်း အစီအစဉ် (၂၀၂၆-၂၀၃၀)တွင် လုပ်ငန်းကဏ္ဍ ၂၅ ခုပါရှိရာ အဆိုပါကဏ္ဍများအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းအစီအစဉ် (Sectorial Plan) များကိုလည်း ရေးဆွဲထားကြောင်း၊ အေအီးစီ မဟာဗျူဟာလုပ်ငန်းအစီအစဉ် ၂၀၂၆-၂၀၃၀ တွင် ပါဝင်သော အသေးစိတ်လုပ်ငန်းများနှင့် ကဏ္ဍ ၂၅ ခုကို အခြေခံပြီး လုပ်ငန်းစီမံချက် (မူကြမ်း) ရေးဆွဲထားကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အေအီးစီ ၂၀၁၅ နှင့် အေအီးစီ ၂၀၂၅ အောက်မှ လုပ်ငန်းများ အကောင်အထည်ဖော်မှုနှင့် အေအီးစီမဟာဗျူဟာ လုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၀) ကို အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက် (မူကြမ်း) ရေးဆွဲထားရှိမှုနှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းစီမံချက် (မူကြမ်း) နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများက လုပ်ငန်းကော်မတီများဖွဲ့စည်းမှု၊ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်ရန်ကိစ္စရပ်များအပေါ် သဘောထားအမြင်များကို ပွင့်လင်းစွာဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုကြီးကို အစဉ်အမြဲကာကွယ်စောင့်ရှောက်

**ကိုရေချမ်း**

**မျက်မှောက်ကာလသည် တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်မှုကို ခိုင်မာစွာတည်ဆောက်ကြရမည့် အချိန်အခါဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပင်လုံစာချုပ်ကြီး ချုပ်ဆိုပြီး အခိုင်အမာသက်သေထူပြနိုင်ခဲ့သကဲ့သို့ မျက်မှောက်ကာလတွင်လည်း အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်မှုကို စိတ်တူကိုယ်တူ တစ်သားတည်းဖြစ်အောင် တည်ဆောက်ထားဖို့ လိုအပ်ပါသည်။**

နိုင်ငံအတွင်း စည်းလုံးညီညွတ်မှု အားနည်းလာသည်နှင့်အမျှ တိုင်းတစ်ပါးမှနေ၍ အချုပ်အခြာအာဏာကို ထိပါးစော်ကားလာခြင်း၊ အမျိုးသားသစ္စာဖောက်များက ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးအောင် လုပ်ဆောင်လာခြင်းတို့ ပိုများလာမည်ကို သတိပြုဖို့လိုသည်။

မြန်မာနိုင်ငံ တိုင်းတစ်ပါးကျွန်ဘဝရောက်စဉ်က ဗြိတိသျှတို့က မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရသည့်တိုင် ပြည်မကိုသာ လွတ်လပ်ရေးပေးမည်၊ တောင်တန်းဒေသများကို ချန်လှပ်ထားမည်ဆိုသည့် အကြံအစည်ဖြင့် အချင်းချင်းညီညွတ်မှု ပြိုကွဲစေမည့် သွေးခွဲအုပ်ချုပ်ရေးစနစ်ကို ဖန်တီးခဲ့သည့် အမွေဆိုးများသည် လွတ်လပ်ရေးနှင့်အတူ ယနေ့ထက်တိုင် ဖြစ်ပေါ်နေဆဲဖြစ်သည်။ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလက တောင်တန်းနှင့် ပြည်နယ်ပြည်မ မခွဲခြားဘဲ လွတ်လပ်ရေးကို တပေါင်းတစည်းတည်း အတူရယူမည်ဆိုသည့် ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် တိုင်းရင်းသားခေါင်းဆောင်ကြီး ၂၃ ဦးတို့က ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့နံနက်တွင် ပြည်ထောင်စုစာချုပ်ကြီးကို သမိုင်းဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် အချုပ်အခြာအာဏာ ပိုင်ဆိုင်သည့် နိုင်ငံကြီးဖြစ်လာမည့် သက်သေအထောက်အထားဖြစ်သည်။

**ပကတိ ရိုးသားဖြူစင်**

စည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ လွတ်လပ်ရေးအတွက်သာမက နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အသက်တမျှ အရေးကြီးပါသည်။ ထို့အပြင် နိုင်ငံတစ်နိုင်ငံ တိုးတက်ရေးအတွက် ကြီးမားသည့် မောင်းနှင်အားလည်းဖြစ်သည်။ ထို့ကြောင့်လည်း တိုင်းရင်းသားညီအစ်ကိုများ အကြားသံသယများကို ဖယ်ရှားကာ ဆွေးနွေးညှိနှိုင်းပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်ကြရမည်ဖြစ်သည်။ လက်နက်ကိုင်များရှိသည့် နယ်မြေဒေသများမှ ပြည်သူများသည် နိုင်ငံနှင့်ပြည်သူ အကျိုးစီးပွားထိခိုက်စေသည့် အကြမ်းဖက်မှုများနှင့် တိုက်ခိုက်မှုများကို စိတ်ကုန်မုန်းတီးနေကြပြီဖြစ်သည်။ တိုင်းရင်းသားများ၏ ပင်ကိုစိတ်ရင်းသည် အေးချမ်းစွာ နေထိုင်စားသောက်လိုစိတ်၊ ကိုယ်ချင်းစာစိတ်နှင့် အချင်းချင်းရိုင်းပင်းကူညီလိုစိတ်အပြည့်ရှိကြပြီး ပကတိရိုးသားဖြူစင်သည့် စိတ်ထားများရှိကြသည်။

ကိုလိုနီနယ်ချဲ့၏ သွေးခွဲအုပ်ချုပ်ခဲ့မှု ပယောဂ အမွေဆိုးများနှင့် နယ်ချဲ့လက်သစ်နှင့် လက်ဝေခံများ၏ သွေးထိုးမြှောက်ပင့် စိတ်ဝမ်းကွဲအောင် ဖန်တီးမှုများကြောင့် ယနေ့အချိန်အထိ တိုင်းရင်းသားညီနောင်အချင်းချင်းအကြား လက်နက်ကိုင်ပဋိပက္ခများနှင့် မတည်ငြိမ်၊ မအေးချမ်းဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတွင် **“မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးပြဿနာများနှင့် ပဋိပက္ခများကို ဖြေရှင်းရာတွင် ပြည်ပနိုင်ငံအချို့က ပြည်တွင်းပဋိပက္ခကို ဒေသတွင်း ပဋိပက္ခအထိ ဖြစ်ပေါ်လာအောင် ဖန်တီးနေကြပါသည်။ တိုင်းပြည်စည်းလုံးမှု ပြိုကွဲပါက အင်အားချည့်နဲ့ကာ ခေတ်သစ်ကိုလိုနီနယ်ချဲ့များ ပါဝင်ပတ်သက် ဝင်ရောက်စွက်ဖက်လာနိုင်သည်ကို သတိပြုကြရမည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သည့်နိုင်ငံအဖြစ် တည်တံ့ခိုင်မြဲစေရန်၊ သူတစ်ပါးလက်အောက်ခံ မဖြစ်စေရန်၊ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးစေရန်နှင့် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် တိုင်းရင်းသားပြည်သူအပေါင်း စည်းလုံးညီညွတ်စွာဖြင့် အကြမ်းဖက်မှုများကို တားဆီးဟန့်တားကြရန် လိုအပ်ပါသည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသော အစိုးရ၊ တပ်မတော်နှင့်ပြည်သူလူထုတို့ စိတ်တူကိုယ်တူ တစ်သားတည်း တည်ရှိနေကြမှသာ မြန်မာနိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါသည်”**ဟု ဖော်ပြသည့်အတိုင်း ညီညွတ်မှုကို အားလုံးတည်ဆောက်ကြရမည်ဖြစ်သည်။

> **မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးအားလုံးသည် ရှေးနှစ်ပေါင်းများစွာကတည်းက တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ခဲ့ကြသည့် ညီရင်းအစ်ကို၊ မောင်ရင်းနှမများဖြစ်ကြပါသည်။ မွေးဖွားရာဇာတိ၊ နေထိုင်ရာဒေသ၊ ကြီးပြင်းရာပတ်ဝန်းကျင်၊ ကိုးကွယ်ရာဘာသာ၊ ပြောဆိုရာစကားနှင့် မြတ်နိုးရာစာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးတမ်းများ မတူကွဲပြားသော်လည်း ပြည်ထောင်စုသွေးချင်းသားရင်းများဖြစ်ကြသည်ဆိုသည့် အသိစိတ်နှင့်တစ်ဦးနှင့်တစ်ဦး တန်ဖိုးထားလေးစားကာ စည်းလုံးညီညွတ်မှု အစဉ်အလာကောင်းများဖြင့် ချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်လာခဲ့ကြခြင်းဖြစ်သည်။ နေရာဒေသအသီးသီးတွင်ရှိကြသည့် တိုင်းရင်းသားပြည်သူအချင်းချင်း မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသည့် ဗြဟ္မစိုရ်တရားလေးပါးနှင့် ဆက်ဆံနေထိုင်ကြမည်ဆိုပါက အေးချမ်းသာယာသည့် လူ့ဘောင်လောကကြီးကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ချစ်ခင်ညီညွတ်ခဲ့ကြမှုများကိုလက်ဆင့်ကမ်းထိန်းသိမ်းကြရမည်**

**အားလုံးညီညွတ်ကြမှ**

စည်းလုံးသည့်နိုင်ငံ၊ ညီညွတ်သည့်နိုင်ငံ၊ နိုးကြားသည့်နိုင်ငံသည် အစဉ်ထာဝရတည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်သည်။ မစည်းလုံးသည့်နိုင်ငံ၊ မညီညွတ်သည့်နိုင်ငံ၊ မနိုးကြားသည့်နိုင်ငံသည် ယိုယွင်းပျက်စီး ပျောက်ကွယ်သွားနိုင်သည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံရှိပြည်သူအားလုံး၏ စည်းလုံးညီညွတ်မှုဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး ပကတိလိုအပ်ချက်မှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးဖြစ်ပါသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းရန်အတွက် အားလုံးစည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ကြရမည်ဖြစ်သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုသာ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှု၊ ဘဝလုံခြုံမှုနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည်။

တိုင်းပြည်တစ်ပြည် ကောင်းမွန်စွာ ရှင်သန်ရပ်တည်နေနိုင်ရန်အတွက် မိမိတိုင်းပြည်ကိုကာကွယ်နိုင်စွမ်းနှင့် မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းများကို မြှင့်တင်ပေးနေရမည်ဖြစ်သည်။ မြှင့်တင်ပေးသည့်နေရာတွင် စည်းလုံးညီညွတ်မှုသည် အရေးအကြီးဆုံးအချက်ဖြစ်သည်။ ကျယ်ပြန့်နက်ရှိုင်းသည့် နိုင်ငံတစ်ဝန်းလုံး စည်းလုံးညီညွတ်မှုကို အစိုးရတစ်ရပ်တည်းဖြင့် ဆောင်ရွက်၍ရနိုင်မည် မဟုတ်ပါ။ တစ်ဦးချင်းတစ်ယောက်ချင်း၊ တစ်ဒေသချင်းအလိုက် စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ထားကြဖို့ လိုအပ်သည်။ စည်းလုံးညီညွတ်မှုကို တည်ဆောက်ရန်ခက်ခဲသော်လည်း စည်းလုံးညီညွတ်မှု ပြိုကွဲအောင်ဖန်တီးမှုမှာ လွယ်ကူသည်။ ညီညွတ်မှုပြိုကွဲသွားလျှင် ပြန်လည်စည်းလုံးနိုင်ရန် အလွန်ခက်ခဲသည်။ ယနေ့နှစ်ပေါင်း ၇၀ ကျော်ကြာဖြစ်ပေါ်နေသည့် ပဋိပက္ခများက သင်ခန်းစာယူစရာများဖြစ်သည်။

**သင်ခန်းစာဖော်ထုတ်ယူ**

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးအားလုံးသည် ရှေးနှစ်ပေါင်းများစွာကတည်းက တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ခဲ့ကြသည့် ညီရင်းအစ်ကို၊ မောင်ရင်းနှမများဖြစ်ကြပါသည်။ မွေးဖွားရာဇာတိ၊ နေထိုင်ရာဒေသ၊ ကြီးပြင်းရာပတ်ဝန်းကျင်၊ ကိုးကွယ်ရာဘာသာ၊ ပြောဆိုရာစကားနှင့် မြတ်နိုးရာစာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးတမ်းများ မတူကွဲပြားသော်လည်း ပြည်ထောင်စုသွေးချင်းသားရင်းများဖြစ်ကြသည်ဆိုသည့် အသိစိတ်နှင့် တစ်ဦးနှင့်တစ်ဦး တန်ဖိုးထားလေးစားကာ စည်းလုံးညီညွတ်မှု အစဉ်အလာကောင်းများဖြင့် ချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲ နေထိုင်လာခဲ့ကြခြင်းဖြစ်သည်။ နေရာဒေသအသီးသီးတွင် ရှိကြသည့် တိုင်းရင်းသားပြည်သူအချင်းချင်း မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသည့် ဗြဟ္မစိုရ်တရားလေးပါးနှင့် ဆက်ဆံနေထိုင်ကြမည်ဆိုပါက အေးချမ်းသာယာသည့် လူ့ဘောင်လောကကြီးကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ချစ်ခင်ညီညွတ်ခဲ့ကြမှုများကို လက်ဆင့်ကမ်းထိန်းသိမ်းကြရမည်ဖြစ်သည်။

မျက်မှောက်ကာလဖြစ်ပေါ်နေသည့်အကြောင်းများကိုကြည့်လျှင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် ရွေးကောက်ပွဲရလဒ် ပယ်ဖျက်ခံရမှုကိုအကြောင်းပြု၍ လွှတ်တော်ကိုယ်စားလှယ်ဟောင်းအချို့က လူထုစိတ်ခံစားချက်ကိုအသုံးချပြီး သွေးထိုးလှုံ့ဆော်မှုမှစသည်ဟု ဆိုလျှင်လည်း မှန်သည်။ အခြေခံဥပဒေမြစ်တွင် အစောပိုင်းကတည်းက တပ်မတော်မုန်းတီးရေးကို အဘက်ဘက်မှ ရိုက်သွင်းပေးခဲ့ပြီးဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ၎င်းတို့၏ ရည်မှန်းချက်များ အောင်မြင်အောင် ဆောင်ရွက်ရာတွင် လူမျိုးရေးစိတ်ဓာတ်ကို အစွန်းရောက်သည်အထိ လှုံ့ဆော်ခြင်း၊ လူမျိုးရေးမုန်းတီးမှု ဖြစ်ပေါ်အောင် သွေးခွဲခြင်း စသည့် ပြည်ထောင်စုကြီးအတွင်း အတူနေထိုင်သူအချင်းချင်း အန္တရာယ်ကြီးမားသည့် လုပ်ရပ်များကို လုပ်ကိုင်နေခြင်းသည် ကိုလိုနီလက်ဟောင်း/လက်သစ်တို့၏ သွေးခွဲပေးမှု အမွေဆိုးများဖြစ်သည်ကို ကမ္ဘာ့နိုင်ငံရေး၊ မြန်မာ့နိုင်ငံရေး အခြေအနေများအရ သိသာနိုင်ပေသည်။

**အဖျက်လုပ်ရပ်များ**

မကြာသေးမီက PDF အမည်ခံအကြမ်းဖက်အဖွဲ့များ ထိန်းချုပ်ထားသည့် နယ်မြေအချို့ရှိ ကျေးလက်နေ ပြည်သူများ၏ ဖြစ်စဉ်အချို့ကိုကြည့်လျှင် ပညာရေးအားနည်းမှုကို အသုံးချပြီး နိုင်ငံရေးပယောဂများ ရိုက်သွင်းထားခြင်းခံရမှုကို စိတ်မကောင်းဖွယ်တွေ့ခဲ့ရသည်။ ယခုကာလ နိုင်ငံတစ်ဝန်းလုံး၌ ပြည်သူများလိုလားသည့်ရွေးကောက်ပွဲများ ကျင်းပနေချိန်တွင် ရေတာရှည်မြို့နယ်အတွင်းမှ မသိနားမလည်သော ကျေးလက်ပြည်သူအချို့က ကျေးရွာအတွင်း၌ ရွေးကောက်ပွဲအားဆန္ဒပြနေသည်ကို တွေ့လိုက်ရသည်။ စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူအချို့သည် မမြင်မတွေ့ဖူးသည့် ပြည်ပရှိအကြမ်းဖက်အဖွဲ့အား ငါတို့အစိုးရကို ထောက်ခံကြဟု ကြွေးကြော်ကြသည့်ဖြစ်စဉ်တို့သည် အသိပညာအားနည်းသော ကျေးလက်နေပြည်သူအချို့၌ နိုင်ငံရေးပယောဂများ ပူးကပ်ပြီး အဖျက်လုပ်ရပ်များ လုပ်ကိုင်နေကြခြင်းဖြစ်သည်။

တိုင်းရင်းသားလူမျိုးများစွာ အတူတကွစုစည်းနေထိုင်ကြသောနိုင်ငံ၊ ပြည်ထောင်စုကြီး၏ တစ်ခုတည်းသောနယ်နိမိတ်အတွင်း တစ်ဆက်တစ်စပ်တည်းရှိနေသည့် လူမှုဘဝများသည် ခွဲခြား၍မရနိုင်သော အမြဲတေဖြစ်သည်။ လူမျိုးအချင်းချင်း စိတ်သဘောထားများ ကွဲပြားမှု၊ အမုန်းတရားများ တိုးပွားအောင် ပြုလုပ်မှုများသည် အဖြူထည်နှလုံးသား ပြည်သူများအား အရောင်ဆိုးပေးလိုက်သော ယုတ်မာပက်စက်သည့် အကြံအစည်ဖြစ်သည်။ ပြန်လည်တည်ဆောက်ရန်ခက်ခဲသည့် စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို ညီညွတ်ပြီး ငြိမ်းချမ်းသာယာဝပြောနေသည့် နိုင်ငံဒေသများနှင့် ညီညွတ်မှုပျက်ပြားပြီး ပြိုကွဲပျက်စီးနေသည့် နိုင်ငံဒေသများအား နှိုင်းယှဉ် လေ့လာကြည့်ပြီး သင်ခန်းစာယူကြရမည်ဖြစ်သည်။ ညီညွတ်ခြင်းကြောင့် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ကြရသည့်ဘဝများ၊ မညီညွတ်ခြင်းကြောင့် ဆင်းရဲဒုက္ခရောက်ကြရသည့် စိတ်မချမ်းမြေ့ဖွယ်ရာများကို သင်ခန်းစာထုတ်ယူ၍ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကိုရရှိနိုင်အောင် မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်သည်။

**စာမျက်နှာ ၇ သို့** ☆

# အစိုးရဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲ ကျင်းပမည့် အချိန်ဇယားကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**သာသနာရေးဦးစီးဌာန**

ရက်စွဲ၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း(    )ရက်
၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (    ) ရက်

၁၃၇၇ ခုနှစ်(၂၀၁၆)ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲကို အောက်ပါအချိန်ဇယားအတိုင်း ကျင်းပသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

**အစိုးရဓမ္မာစရိယစာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာ |
|---|---|---|
| ၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း (၆)ရက် (၂၃-၃-၂၀၁၆)၊ တနင်္လာနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ (၁) |
| ၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း (၇)ရက် (၂၄-၃-၂၀၁၆)၊ အင်္ဂါနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ (၂) |
| ၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း (၈)ရက် (၂၅-၃-၂၀၁၆)၊ ဗုဒ္ဓဟူးနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (၁) |
| ၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း (၉)ရက် (၂၆-၃-၂၀၁၆)၊ ကြာသပတေးနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (၂) |
| ၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း (၁၀)ရက် (၂၇-၃-၂၀၁၆)၊ သောကြာနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (၁) |
| ၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း (၁၁)ရက် (၂၈-၃-၂၀၁၆)၊ စနေနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (၂) |
| ၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း (၁၂)ရက် (၂၉-၃-၂၀၁၆)၊ တနင်္ဂနွေနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၄) နာရီအထိ | **မြန်မာဂုဏ်ထူး**<br>ပါစိတျာဒိပါဠိအဋ္ဌကထာ၊ သုတ်မဟာဝါ၊ သုတ်ပါထိကပါဠိအဋ္ဌကထာ၊ မဇ္ဈိမနိကာယပါဠိ အဋ္ဌကထာ၊ သံယုတ္တနိကာယပါဠိအဋ္ဌကထာ၊ အင်္ဂုတ္တရနိကာယပါဠိအဋ္ဌကထာ၊ ဝိဘင်္ဂဒိပါဠိ အဋ္ဌကထာ၊ ပဋ္ဌိသမ္ဘိဒါမဂ္ဂပါဠိအဋ္ဌကထာ |
| ၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း (၁၃)ရက် (၃၀-၃-၂၀၁၆)၊ တနင်္လာနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | **ပါဠိဂုဏ်ထူး**<br>ပါစိတျာဒိပါဠိအဋ္ဌကထာ (၁)<br>သုတ်မဟာဝါ၊သုတ်ပါထိကပါဠိအဋ္ဌကထာ(၁)<br>ဝိဘင်္ဂဒိပါဠိအဋ္ဌကထာ (၁) |
| ၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း (၁၄)ရက် (၃၁-၃-၂၀၁၆)၊ အင်္ဂါနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | **ပါဠိဂုဏ်ထူး**<br>ပါစိတျာဒိပါဠိအဋ္ဌကထာ (၂)<br>သုတ်မဟာဝါ၊သုတ်ပါထိကပါဠိအဋ္ဌထာ (၂)<br>ဝိဘင်္ဂဒိပါဠိအဋ္ဌကထာ (၂) |

ညွှန်ကြားရေးမှူးချုပ်
သာသနာရေးဦးစီးဌာန

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**သာသနာရေးဦးစီးဌာန**

ရက်စွဲ၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း(    )ရက်
၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (    ) ရက်

၁၃၇၇(၂၀၁၆)ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲ (ကြီး၊ လတ်၊ ငယ်၊ မူ)တန်းများကိုအောက်ပါအချိန်စာရင်းအတိုင်း ကျင်းပမည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်-

**ပါဠိပထမပြန်စာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | အတန်း | ဘာသာရပ် |
|---|---|---|---|
| ၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း (၁၂) ရက် (၂၉-၃-၂၀၁၆)၊ တနင်္ဂနွေနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ဝိနည်းကျင့်ဝတ်/ သုကုမာရမဂ္ဂဒီပနီ ဘိက္ခုပါတိမောက်ဘာသာ/ ဓမ္မပဒ ဒွေမာတိကာဘာသာ/ ဓမ္မပဒ<br>〃 |
| ၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း (၁၃)ရက် (၃၀-၃-၂၀၁၆)၊ တနင်္လာနေ့ | မွန်းတည့် (၁၂)နာရီ မှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ကစ္စည်းသဒ္ဒါကြီးဘာသာ<br>〃<br>〃<br>〃 |
| ၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း (၁၄)ရက် (၃၁-၃-၂၀၁၆)၊ အင်္ဂါနေ့ | မွန်းတည့် (၁၂)နာရီ မှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | အဘိဓမ္မတ္ထသင်္ဂဟဘာသာ<br>〃<br>〃<br>〃 |
| ၁၃၇၇ ခုနှစ်၊ တန်ခူးလပြည့် (၁-၄-၂၀၁၆)၊ ဗုဒ္ဓဟူးနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | တိကမာတိကာ<br>တိကမာတိကာ၊ ဒုကမာတိကာနှင့် ဓာတုကထာဘာသာ<br>သုတ္တန္တိကမာတိကာနှင့်ဓာတု ကထာဘာသာ<br>အဘိဓာန်၊ အလင်္ကာ၊ ဆန်းဘာသာ |
| ၁၃၇၇ ခုနှစ်၊ တန်ခူးလဆုတ် (၁)ရက် (၂-၄-၂၀၁၆)၊ကြာသပတေးနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ဘာသာပြန်ဘာသာ<br>ယမိုက်အောက်(၅)ကျမ်းဘာသာ<br>ယမိုက်အထက်(၅)ကျမ်းဘာသာ |
| ၁၃၇၇ ခုနှစ်၊ တန်ခူးလဆုတ် (၂)ရက် (၃-၄-၂၀၁၆)၊ သောကြာနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | ပထမလတ်တန်း<br>ပထမကြီးတန်း | ဘာသာပြန်ဘာသာ<br>ပဋ္ဌာန်းကုသလတိက်ဘာသာ |
| ၁၃၇၇ ခုနှစ်၊ တန်ခူးလဆုတ် (၃)ရက် (၄-၄-၂၀၁၆)၊ စနေနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | ပထမကြီးတန်း | ဘာသာပြန်ဘာသာ |

ညွှန်ကြားရေးမှူးချုပ်
သာသနာရေးဦးစီးဌာန

## ၂၀၁၆-ခုနှစ်၊ အစိုးရဓမ္မာစရိယနှင့်ပါဠိပထမပြန်စာမေးပွဲအချိန်စာရင်း

❋ ၁၃၇၇- ခုနှစ်၊ တန်ခူးလဆန်း(၆)ရက်၊ တနင်္လာနေ့မှ တန်ခူးလဆန်း(၁၄)ရက်၊ အင်္ဂါနေ့အထိ (၂၃-၃-၂၀၁၆) ရက်မှ (၃၁-၃-၂၀၁၆) ရက်ထိ } အစိုးရဓမ္မာစရိယ

❋ ၁၃၇၇- ခုနှစ်၊ တန်ခူးလဆန်း(၁၂)ရက်၊ တနင်္ဂနွေနေ့မှ တန်ခူးလဆုတ်(၃)ရက်၊ စနေနေ့အထိ (၂၉-၃-၂၀၁၆) ရက်မှ (၄-၄-၂၀၁၆) ရက်ထိ } ပါဠိပထမပြန်

☆ စာမျက်နှာ ၆ မှ

### အကွက်ချစီမံဆောင်ရွက်

| | | ၄။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၁၇၄၃၃ | - | ၁၁၇၄၃၃ | - | - | |
| | | ၅။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၀၂၁၃၂ | - | ၁၀၂၁၃၂ | - | - | |
| | | ၆။ | ပြည်သူ့ပါတီ | ၄၉၉၃၂ | - | ၄၉၉၃၂ | - | - | |

ရှင်းလင်းချက်။ (၁) ရောဝတီတိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ်(၁)၊ (၂)နှင့် (၅)တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှု စာရင်းများကို ပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၉-၁-၂၀၂၆ ရက်စွဲပါ ကြေညာချက်အမှတ် (၂၅/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

## အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = ခိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၁၃၈၉၈၄၉ / ၃ = ၄၆၃၂၈၃

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲ အရေအတွက် | အခြေခံမဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက်စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရောဝတီတိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၂) | | | ၁၃၈၉၈၄၉ | ၁ | | ၂ | ၃ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၂၇၈၇၁ | ၁ | ၁၆၄၅၈၈ | ၁ | ၂ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၈၈၂၂၆ | - | ၂၈၈၂၂၆ | ၁ | ၁ | |
| | | ၃။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၅၂၁၆၂ | - | ၁၅၂၁၆၂ | - | - | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၃၅၆၈၄ | - | ၁၃၅၆၈၄ | - | - | |
| | | ၅။ | ပြည်သူ့ပါတီ | ၁၂၂၂၃ | - | ၁၂၂၂၃ | - | - | |
| | | ၆။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၃၆၈၃ | - | ၆၃၆၈၃ | - | - | |

ရှင်းလင်းချက်။ (၁) ရောဝတီတိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ်(၃)၊ (၄)နှင့် (၆)တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှု စာရင်းများကို ပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၉-၁-၂၀၂၆ ရက်စွဲပါကြေညာချက်အမှတ် (၂၅/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

# မန္တလေးမြို့၌ လူငယ်ငြိမ်းချမ်းရေးဖိုရမ် - ၂၀၂၆ အတွေ့အကြုံစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

မန္တလေး ဇန်နဝါရီ ၂၀

နေပြည်တော် MICC–1 တွင် ကျင်းပသော လူငယ်ငြိမ်းချမ်းရေးဖိုရမ် –၂၀၂၆ (Youth Peace Forum – 2026)သို့ တက်ရောက်ခဲ့ကြသည့် မန္တလေးတိုင်းဒေသကြီးမှ လူငယ်ကိုယ်စားလှယ်များ၏ အတွေ့အကြုံစကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် အမရပူရမြို့နယ်ရှိ ရတနာပုံတက္ကသိုလ်၌ ကျင်းပသည်။




**တက်ရောက်**

ဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီးက ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိ နေပြည်တော် MICC–1 ၌ကျင်းပခဲ့သည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ် –၂၀၂၆ (Youth Peace Forum – 2026) တွင် နယ်ပယ်အသီးသီးမှ လူငယ်များ၏ ငြိမ်းချမ်းရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း စကားသံများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့မှုအတွေ့အကြုံများ၊ လူငယ်ကိုယ်စားလှယ်များနှင့် ပတ်သက်၍ လူငယ်ရေးရာဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်ငြိမ်းချမ်းရေးဖိုရမ် –၂၀၂၆ ဆောင်ရွက်ခဲ့မှုမှတ်တမ်းဗီဒီယိုကို ပြသပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ရတနာပုံတက္ကသိုလ် စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်းရာ ရတနာပုံတက္ကသိုလ်ပါမောက္ခချုပ်ကလည်းကောင်း၊ ဒုတိယဝန်ကြီးက ရတနာပုံတက္ကသိုလ်သို့ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ရတနာပုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ကလည်းကောင်း လက်ခံရယူကြသည်။

ယင်းနောက် အတွေ့အကြုံစကားဝိုင်းဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# လျှော်တုံ့ပြန်ဆောင်ရွက်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC)တို့ပူးပေါင်းဆောင်ရွက်နေသော ငလျင်တုံ့ပြန်ဆောင်ရွက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အသင်းရန်ကုန်ရုံးခွဲတွင် ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ငလျင်ဘေးသင့်ဒေသများတွင် တုံ့ပြန်ဆောင်ရွက်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများ၊ ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီပေးနေမှုများနှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားမည့်အစီအစဉ်များကို ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Nadia Khoury၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအလုပ်အမှုဆောင် ပါမောက္ခဒေါက်တာဒေါ်မြသူ၊ ဒုတိယအထွေထွေအတွင်းရေးမှူး၊ လက်ထောက်အထွေထွေအတွင်းရေးမှူး၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း(IFRC)မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်(၂၈)ရှိ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းရုံး၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့် အလှူရှင်များက စာအုပ်၊ စာစောင်များ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး အလှူရှင်များက စာအုပ်များ ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယနေ့တွင် အလှူရှင်များက ဆေးပညာရပ်ဆိုင်ရာစာအုပ်နှင့် သုတရသစာအုပ် စုစုပေါင်း ၂၁၂၅ အုပ် လှူဒါန်းခဲ့ကြကြောင်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးတွင် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ဟိုပုံးမြို့နယ်၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲကျင်းပ

ဟိုပုံး ဇန်နဝါရီ ၂၀

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် ကျောင်းသားကျောင်းသူများ၏အာလူးကောက်ပြိုင်ပွဲ၊ စကားပုံဆက်၊ ရုပ်ပုံဆက်၊ ခါးလှည့်ပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ ကြိုးခုန်ပြိုင်ပွဲ ယှဉ်ပြိုင်မှုများနှင့် စာအုပ်အရောင်းဆိုင်တို့ကို ကြည့်ရှုအားပေးပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများအား အာဟာရဒါနစားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့နောက် ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှု၊ အခြေခံပညာကျောင်းများမှ ခင်းကျင်းပြသထားသည့် သိပ္ပံပြခန်း၊ သစ်သီးဝလံပြခန်းများနှင့် လှပသာယာပြည်မြန်မာ ဓာတ်ပုံပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီနာယက၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွက် အလှူငွေကျပ်သိန်း၃၀ကိုပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌက ပေးအပ်ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကျောင်းစာကြည့်တိုက်များ အတွက် လှူဒါန်းပေးသော စာအုပ်/စာစောင်များကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း လက်ခံရယူသည်။

ယင်းနောက် ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ဆက်လက်၍ ရှမ်းပြည်နယ်စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က စာအုပ်/စာစောင်များကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူးကလည်းကောင်း၊ ငွေခြည်လင်းစာပေတိုက်မှ စာရေးဆရာမ ငွေခြည်လင်းလက်က စာအုပ်/စာစောင်တို့ကို ပေးအပ်လှူဒါန်းရာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမကြီးကလည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က အကအဖွဲ့များအတွက် ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အတွင်းရေးမှူးက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၂၀**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)၊ စတုတ္ထနှစ် မဟာဗျူဟာလုပ်ငန်း အစီအစဉ် (၂၀၂၆)၊ မဟာဗျူဟာအစီအစဉ် ၅. ၃. ၁ အရ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်အား နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် ရည်ရွယ်၍ တရားရုံးက ဦးဆောင်သော စေ့စပ်ဖြေရှင်းရေးစနစ်ဆိုင်ရာ အသိပညာ ပေးဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်စေ့စပ်ဖြေရှင်းရေးဌာန သုံးထပ်ဆောင်(အပေါ်ထပ်) တွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်က အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲသို့တရားသူကြီးအငြိမ်းစားများ၊ တရားသူကြီး/တရားရေးအရာရှိများ၊ ရှေ့နေရှေ့ရပ်များ ၊ ဘဏ်တာဝန်ခံများတက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်ခိုင်ဇင်သန့်က"စေ့စပ်ဖြေရှင်းရေးမိတ်ဆက်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မွန်သူဇာခင်က "တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးဝင်းကိုကိုက "စေ့စပ်ဖြေရှင်းရေးစနစ်နှင့်စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးခြင်း"ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများ၏မေးမြန်းသည်များကို တာဝန်ရှိသူများက အပြန်အလှန်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ဘုတ်ပြင်းမြို့နယ်၌ ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးသည့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး အသိပညာပေးဆွေးနွေး

**ဘုတ်ပြင်း ဇန်နဝါရီ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့၌ မြို့နယ်အဆင့်ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အားနည်းသည့်ဒေသများတွင် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးသည့် လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းထွန်းကျော်က ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် အသက်အရွယ်အလိုက် ကာကွယ်ဆေးထိုးနှံဆောင်ရွက်ပေးမည့်လုပ်ငန်းများ၊ ကာကွယ်ဆေးရရှိမှုအခြေအနေများ၊ ကာကွယ်ဆေးအမျိုးအစားများအလိုက် သတ်မှတ်ရက်အတွင်း အကြိမ်ပြည့် ထိုးနှံမည့်လုပ်ငန်းများ၊ ရပ်ကွက်/ကျေးရွာများနှင့် အခြေခံပညာကျောင်းများတွင် ဆေးထိုးနှံမည့် လူဦးရေစာရင်းများ ရရှိရေးဆောင်ရွက်မှုများနှင့် ယခင်နှစ်ဆေးထိုးနှံခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အားနည်းချက်၊ အားသာချက်များနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို အသိပေးဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူးရုံးတာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ပြည်ကြီးမဏ္ဍိုင်မြို့နှင့် ကရသူရိမြို့ရှိတိုက်နယ်ဆေးရုံများမှ ဆရာဝန်များ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများမှ တာဝန်ခံများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များနှင့်မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ပုံမှန်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ကဏ္ဍအလိုက် အကြံပြုဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**❒ ကျောဖုံးမှ**

ထို့ပြင် ပြပွဲလာ ပြည်သူများအတွက် ဖေဖော်ဝါရီ ၈ ရက်မှ ၁၁ ရက်အထိ နိုင်ငံကျော်အဆိုတော်များ၊ တိုင်းရင်းသား ရိုးရာ အကများ၏ ဖျော်ဖြေရေး အစီအစဉ်များ ပါဝင်သည့်အပြင် ပျော်ပွဲရွှင်ပွဲ များလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ယခုအခါ ကျင်းပရေးဗဟိုကော်မတီက ဦးဆောင်ပြီး လုပ်ငန်းကော်မတီ ၁၁ ခုတို့က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းတာဝန်များ စနစ်တကျ အချိန်မီ ပြီးစီးရန် ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အုတ်ဖိုမြို့နယ်၌ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး အသိပေးဆွေးနွေးခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**အုတ်ဖို ဇန်နဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်တွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်း လွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အားနည်းသည့်ဒေသများတွင် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးသည့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် အသိပေးဆွေးနွေးပွဲနှင့် လုပ်ငန်း ညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်မျိုးက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစိုးသက်ဝင်းက ပုံမှန်ကာကွယ်ဆေး ထိုးနှံမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ တက်ရောက် လာကြသူများက ကာကွယ်ဆေး ထိုးနှံတိုက် ကျွေးမှု ပိုမိုလွှမ်းခြုံနိုင်စေရေး ဝိုင်းဝန်း ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံအတွင်းရှိ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်များအား အသက်အလိုက် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးမှု လုပ်ငန်းဆောင်ရွက်နေသည့် အသိပညာပေး ဗီဒီယိုကို ဖွင့်လှစ်ပြသခဲ့ကြောင်း သိရသည်။

**အောင်သူ(အုတ်ဖို)**

# မင်းတုန်းမြို့၌ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး အသိပေးဆွေးနွေး

**မင်းတုန်း ဇန်နဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်၌ နိုင်ငံတစ်ဝန်းကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှုအားနည်းသည့် ဒေသများတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့် လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် အသိပေးဆွေးနွေးပွဲကို ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမတွင် ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက ကျင်းပ သည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာထွန်းလင်းအောင်က ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးလျက်ရှိသည့် အသက်အရွယ်အပိုင်းအခြားများ၊ ကာကွယ်ဆေး အမျိုးအစားများနှင့် မြန်မာနိုင်ငံတွင် ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရရှိလာသည့် အကျိုးရလဒ်များ၊ မင်းတုန်းမြို့နယ်အတွင်း ကာကွယ်ဆေးထိုးနှံနိုင်သည့် အခြေအနေများနှင့် ဆက်လက်၍ အရှိန်အဟုန်မြင့် ထိုးနှံတိုက်ကျွေးမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ချင်းကလေး(NRDC)**

# ခရိုင်အဆင့် ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးခြင်းလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး အသိပညာပေးဆွေးနွေး

**လွိုင်လင် ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး ဇီဝကခန်းမတွင် နိုင်ငံတစ်ဝန်းကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးသည့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် အသိပညာပေး ဆွေးနွေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မိုးက အမှာစကားပြောကြားသည်။



ဆက်လက်၍ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်မြင့်သူက ခရိုင်အတွင်း ဆောင်ရွက်မည့် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့ပြင် ခရိုင်အတွင်းရှိ မြို့ပေါ်ရပ်ကွက်ကျေးရွာများနှင့် သွားလာရခက်ခဲသော ကျေးလက်ဒေသများပါမကျန် "၂၀၂၆ မတ် ၁ ရက်မှ စတင်၍ သတ်မှတ်အရွယ် ကလေးငယ်များအား ပိုလီယိုရောဂါ ကာကွယ်ဆေး (ထိုးဆေး) ဒုတိယအကြိမ်၊ ဝက်သက်နှင့် ဂျိုက်သိုးရောဂါ၊ အသက်(၉)နှစ်မှ (၁၈)နှစ်အထိ မိန်းကလေးငယ်များအား သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးတို့ကို ကျန်းမာရေးဝန်ထမ်းများက တာဝန်ရှိသူများနှင့်ပူးပေါင်းကာ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများအပြင် အမီလိုက်ကာကွယ်ဆေးထိုးလုပ်ငန်းများကိုလည်း Coverage ပြည့်မီအောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ပြည်သူများကလည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူးက ပြောကြားခဲ့ကြောင်း သိရသည်။

**အယ်မင်း(လွိုင်လင်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
## နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
## ရုံးအမှတ်(၁)၊ နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်း ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်–

ဒုတိယဦးစီးမှူး (လစာနှုန်း ကျပ် ၂၁၆,၀၀၀– ၁၀ နေရာ ၂,၀၀၀–၂၂၆,၀၀၀)

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၁၉–၂–၂၀၂၆ ရက်တွင် အသက် ၂၇ နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၁၉–၂–၂၀၂၆ ရက်တွင် အသက် ၃၀ နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(င) ဌာနဆိုင်ရာတစ်ခုခုတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်းခံရသူ မဖြစ်စေရ။

(စ) ဌာနတွင် အနည်းဆုံး တစ်ဆက်တည်း ၃ နှစ် ပြည့်သည်အထိ တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည်။

(ဆ) နေပြည်တော်တွင် မိမိအစီအစဉ်ဖြင့် နေထိုင်နိုင်သူကို ဦးစားပေးရွေးချယ်မည်ဖြစ်ပါသည်။

၃။ ခေါ်ယူမည့် ရာထူးအတွက် သတ်မှတ်ချက်များ

ဒုတိယဦးစီးမှူးရာထူးနေရာအတွက်

ဝါဏိဇ္ဇဘွဲ့ (B.Com)၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့ (B.B.A)၊ စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ) B.Econ (Economics)၊ စီးပွားရေးပညာဘွဲ့ (စာရင်းအင်းပညာ) B.Econ (Statistics)၊ ဖွံ့ဖြိုးရေးပညာဘွဲ့ (B.Dev.S) နှင့် စီးပွားရေးပညာဘွဲ့ရများအားလုံး၊ ဥပဒေဘွဲ့ (LL.B)၊ ဝိဇ္ဇာဘွဲ့ (နိုင်ငံတကာဆက်ဆံရေး) B.A (International Relations)၊ ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) B.A (English)၊ B.A (English) U.F.L၊ B.A (English for Professional Purposes) အနိမ့်ဆုံး ရရှိသူများဖြစ်ရမည်။ ကွန်ပျူတာအခြေခံကျွမ်းကျင်ရမည်။

၄။ လျှောက်လွှာပုံစံကို နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များအား ပူးတွဲပေးပို့ရပါမည်–

(က) ဘွဲ့လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်အောင်လက်မှတ် သို့မဟုတ် အခြေခံပညာအထက်တန်း အောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ပြန်တမ်းဝင်အရာရှိတစ်ဦး၏ ထောက်ခံချက်မူရင်း

(ဃ) နိုင်ငံ့ဝန်ထမ်း မဟုတ်သူများအတွက် ပြစ်မှုကင်းရှင်းကြောင်းကို သက်ဆိုင်ရာမြို့နယ် ရဲစခန်းထောက်ခံချက်မူရင်း (လွန်ခဲ့သော တစ်လအတွင်း)

(င) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ

(စ) ပတ်စ်ပို့ဓာတ်ပုံ ၂ ပုံ (လွန်ခဲ့သော ခြောက်လခန့်) (ဓာတ်ပုံနောက်ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေး အမှတ်ရေးသားရန်)

(ဆ) ကျန်းမာကြောင်းဆေးထောက်ခံချက်မူရင်း(လွန်ခဲ့သော ၁ လ အတွင်း)

၆။ လျှောက်လွှာများကို ဓာတ်ပုံအပို နှစ်ပုံနှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်သို့ ၁၉–၂–၂၀၂၆ ရက်အရောက် ပေးပို့ရပါမည်။

၇။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့်ဌာန ထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ၁၉–၂–၂၀၂၆ ရက် နောက်ဆုံးထား၍ ပေးပို့ရပါမည်။

၈။ ရေးဖြေစာမေးပွဲကို နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတည်ရှိရာ နေပြည်တော်တွင် ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုရမည့် ဘာသာရပ်များမှာ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဖြစ်ပါသည်။ ရေးဖြေစာမေးပွဲကို ၂၈–၂–၂၀၂၆ ရက်တွင် စစ်ဆေးမည်ဖြစ်ပါသည်။

၉။ အရည်အချင်းသတ်မှတ်ချက်များနှင့် မကိုက်ညီသူများ၊ အချက်အလက်မပြည့်စုံသည့် လျှောက်လွှာများ၊ သတ်မှတ်ရက်ထက်ကျော်လွန်၍ ရောက်ရှိပေးပို့လာသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ ရေးဖြေ စာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးမှုနှင့် ကွန်ပျူတာအခြေခံစစ်ဆေးမှု ပြုလုပ်ပြီး ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။

၁၀။ ဝင်ခွင့်ဖြေဆိုခွင့် ကတ်ပြားများကို ၂၃–၂–၂၀၂၆ ရက်တွင် ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်တွင် ထုတ်ယူနိုင်သည်။ ဝင်ခွင့်စာမေးပွဲ ဖြေဆိုခွင့် ကတ်ပြားထုတ်ပေးချိန်တွင် စာမေးပွဲဖြေဆိုရမည့်နေရာကို ကြေညာထားပါမည်။

၁၁။ သိရှိလိုသော အချက်များကို ရုံးအမှတ်(၁)၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်–၀၆၇–၃၄၀၇၁၅၂ သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ Estella Townhouses၊ ခန့်မှန်းမြေနှင့်အဆောက်အအုံ အမှတ် (ETH–91)၊ လမ်းအမည် (Lane – 3)၊ ခန့်မှန်းမြေဧရိယာ(၁၂၁၀) စတုရန်းပေ၊ ခန့်မှန်းအဆောက်အအုံ ဧရိယာ (၁၂၇၇) စတုရန်းပေရှိ မြေနှင့်အဆောက်အအုံတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဦးဇင်ကိုဦး [၁၂/သလန(နိုင်)၁၁၆၈၂၃]ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးလွင် [၇/နတလ(နိုင်)၀၃၈၈၈၅]**
**ဖုန်း–၀၉–၅၀၈၆၆၅၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မိချောင်းကန်အပိုင်း(၂) ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၁၅)ဟုခေါ်တွင်သော ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်– ၃၁–ကံဘဲ့၊ မြေကွက်အမှတ်(၃/စ)၊ ဧရိယာ (၀.၀၅၉)ဧက၊ မြေအမျိုးအစား– မြေပိုင်မြေ လ/န ၃(ခ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်အုတ်ညှပ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးခင်မောင် (TGO–၀၃၇၅၆၆)၊ [၁၂/ရကန(နိုင်)၀၁၄၁၉၂] အမည်ပေါက်လျက်ရှိပြီး အဆိုပါ မြေကွက်နှင့် မြေပေါ်ရှိနှစ်ထပ်အုတ်ညှပ် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို သမီးအရင်းဖြစ်သူ ဒေါ်ခင်ခင်လတ် [၁၂/ရကန(နိုင်)၀၁၃၄၅၈] ထံသို့ မိဘတို့၏ ချစ်ခြင်းမေတ္တာစေတနာအရ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ ပေးကမ်းမည်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် မြေပေါ်ရှိ နှစ်ထပ်အုတ်ညှပ် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်သူ ဦးခင်မောင်က သမီးအရင်းဖြစ်သူ ဒေါ်ခင်ခင်လတ်သို့ အပိုင်ပေးကမ်းခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်း၊ မှတ်ပုံတင်စာချုပ်ကို ပြီးဆုံးအောင် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငြိမ်းချမ်းစုရည်(LL.B, D.B.L, D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၀၀၂)**
**အမှတ်–၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ရုံးကြီးလမ်း၊ အမှတ်(၂၀)၊ (၁)ခန်းတွဲ(၈)ထပ်တိုက်၏မြေညီထပ်တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးကျော်မင်းဟန် [၁၂/စခန(နိုင်) ၀၁၂၆၇၇] ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်ဦးဟန် [၁၄/ကလန (နိုင်)၀၇၇၉၈၉]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်းမူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဉာဏ်မင်းထက် (LL.B, DIPL)** | **ဒေါ်ယုဇနကို (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်–၅၂၃၁၂)** | **အထက်တန်းရှေ့နေ(စဉ်–၅၂၇၄၆ )** |

**အမှတ်–(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ဖုန်း–၀၉–၉၇၇၁၂၈၁၃၈၊ ၀၉–၄၂၀၀၉၉၄၆၄**

## "ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ"

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၀/ဘီ)၊ လူနေရပ်ကွက်–ကုန်းတလပေါင်စံပြကျေးရွာ၊ ရွှေစေတီလမ်း၊ မြေကွက်အမှတ် (၁၀၂) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀×၁၉၅) ပေ အကျယ်မှ မြေကွက်အမှတ် (၂၁) (၂၀×၆၀)ပေရှိ မြေကွက်အား ရောင်းချသူ ဒေါ်သန်းသန်းမြင့် (၁၄/မအပ (နိုင်) ၀၁၀၃၇၉) မှ တရားဝင်ပိုင်ဆိုင်ကြောင်းဝန်ခံပြီး ကျွန်ုပ်မိတ်ဆွေ ဒေါ်စုမြတ်သဥ္ဇာနှင်း (၁၂/အစန (နိုင်) ၁၉၇၆၅၆) မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စအထမြောက် စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စုမြတ်သဥ္ဇာနှင်း ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်သွယ်သွယ်ထွေး ( LL.B,D.B.L )** | **ဒေါ်သီရိ ( LL.B )** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၂၃၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်– ၂၀၁၄၁)** |

**စုပေါင်းရုံးဝန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၂၀၀၄၁၁၃၇၊ ၀၉–၄၂၂၆၄၄၃၀၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ အနောက်ဈေးဟောင်းလမ်း၊ အမှတ် ၄၃/၄၅ ဟုခေါ်တွင်သည့် (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦမှ အမှတ်–၄၃ ဘက်ခြမ်း၊ (လမ်းမဘက်မှကြည့်လျှင် လက်ဝဲဘက်)၊ (၂၀ပေ x ၄၀ပေ) အကျယ်အဝန်းရှိ (၆လွှာ)တိုက်ခန်းနှင့် ရေ၊ မီး အပါအဝင် တိုက်ခန်းအတွင်း တွယ်ကပ်တပ်ဆင်ထားသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ကြောင်း၊ အမွေဆိုင်အပေါင်အနှံ အရှုပ်အရှင်း ကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီတာဝင်း [၁၂/ဗဟန (နိုင်) ၀၇၅၉၂၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း) များနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်လှဲ့လှဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၁၃၂)**
**အမှတ်–၁၆၇ (မြေညီထပ်)၊ ၃၈–လမ်း (အလယ်)၊ ၆–ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၅၁၄၃၂၃၂၊ ၀၉–၇၉၈၅၉၈၅၅၀၅**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အင်းစိန်မြို့နယ်၊ အဆင့်မြင့်လက်ကားဈေး(တည်းကုန်း)စီမံကိန်းမှ ၂ ခန်းတွဲ ၃ ထပ်တိုက် Shop House ဆိုင်ခန်းအဆောက်အဦ(၄)လုံး ရောင်းချရန်နှင့် ဈေးများနှင့် ပွဲရုံစခန်းများမှ ယာဉ်ဝင်ခ၊ သန့်စင်ခန်း ဝင်ခ ကောက်ခံခြင်းလုပ်ငန်း(၅၇)ခုကို ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် (၁–၄–၂၀၂၆ မှ ၃၁–၃–၂၀၂၇ ထိ) ဒုတိယအကြိမ်အငှားချထားရန်အတွက် တင်ဒါအဆိုပြုလွှာများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် – ၂–၂–၂၀၂၆ရက်မှ ၆–၂–၂၀၂၆ ရက်နေ့ထိ (ရုံးချိန်အတွင်း)

၃။ တင်ဒါလျှောက်လွှာရောင်းချမည့် နေရာနှင့်တင်သွင်းရမည့်နေရာ

| | | |
|---|---|---|
| (က) | ၂ ခန်းတွဲ ၃ထပ်တိုက် Shop House အဆောက်အဦ(၄)လုံး ရောင်းချခြင်းနှင့် ဈေးယာဉ်/သန့်စင်ခန်းဝင်ခ ကောက်ခံခြင်းလုပ်ငန်းများ | – ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန မြို့တော်ခန်းမ၊ ဒုတိယထပ် |
| (ခ) | ပွဲရုံစခန်းများရှိ လုပ်ငန်းများ | – ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ (၇)လွှာ၊ ၁၂ထပ်ခွဲရုံး၊ (၄၆)လမ်း၊ ဗိုလ်တထောင်မြို့နယ် |

၄။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် – ၉–၂–၂၀၂၆ (တနင်္လာနေ့) ၁၄:၀၀ နာရီ

၅။ တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန တယ်လီဖုန်းအမှတ်–၀၉–၅၀၀၄၂၉၆ နှင့် ၀၉–၄၂၀၁၄၄၁၁၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လှည်းကူးမြို့ ကျွန်းကလေးဈေးအနီး၊ ဥယျာဉ်ခြံမြေ
မီးရှိ ရေပါ 40'×60' - 260 သိန်း
20'×60' -130 သိန်း
09 796797258, 09450378377

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ )
## ကမာရွတ်ခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှု အမှတ် – ၆

**ကွယ်လွန်သူ ဒေါ်ခင်ရှိ၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ်–၆၆/က၃ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ခင်ရှိ၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့် အကြောင်းနှင့် ဒေါ်တင်အေးကျော် (၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရသူ–ဒေါ်ဆုမြတ်အောင်) က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆုတ် ၈ ရက်) နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ခင်ရှိ၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက် ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆုတ် ၈ ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ–၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်တင်အေးကျော် (၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရသူ–ဒေါ်ဆုမြတ်အောင်) ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်မင်းထွဋ်)**
**ခရိုင်တရားသူကြီး**
**ကမာရွတ်ခရိုင်တရားရုံး**

## မြေကွက်များဝယ်ယူလိုပါသည်

ဒဂုံမြို့သစ်(ဆိပ်ကမ်း၊ တောင်ပိုင်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း)

အိမ်အရောက်ငွေပေးချေသည်၊ ပွဲခပေးရန်မလိုပါ

Ph: 09-770287930

ရှာန်

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမြင့်ဝင်းလွင် [၅/မမန(နိုင်)၀၉၄၁၉၁]ကိုင်ဆောင်သော ရေယာဉ်အုပ်လက်မှတ် အမှတ်(ဆဒ–၀၄၅/၁၇)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09–420300007**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၂)၊ မြေကွက်အမှတ်(၁၈၊ ၁၉၊ ၂၀၊ ၂၁)တို့အား One One One Co., Ltd အမည်ဖြင့် မြေငှားစာချုပ်(ဂရန်) ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထား(မူရင်း)များ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက မြေငှားစာချုပ် (ဂရန်) ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်**

## ညအချိန်
## အိပ်နေချိန်တွင်
## လျှပ်စစ်မီးများ
## ပိတ်ထားခြင်းဖြင့်
## လျှပ်စစ်ကို
## နေ့စဉ် ချွေတာ
## သင့်ပါသည်

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပန်းဘဲတန်းမြို့နယ်၊ သိမ်ကြီးဈေး(က+ခ)ရုံရှိ အောက်ဖော်ပြပါဆိုင်ခန်းများမှ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာသဖြင့် သက်ဆိုင်သူများအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

| စဉ် | ရုံ/ဆိုင် အမှတ် | မူလဆိုင်ငှားအမည်နှင့် မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်နှင့် မှတ်ပုံတင်အမှတ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ခ–၁၂ | ဒေါ်ငွေငွေလွင် [၁၂/လမန(နိုင်)၀၇၂၂၈၁] | ဒေါ်ချိုချိုလွင် [၁၂/လမန(နိုင်)၁၁၇၅၂၂] | |
| ၂ | ခ–၃၀၀ | ဒေါ်ငွေငွေလွင် [၁၂/လမန(နိုင်)၀၇၂၂၈၁] | ဒေါ်ချိုချိုလွင် [၁၂/လမန(နိုင်)၁၁၇၅၂၂] | |
| ၃ | ခ–၂၈၆ | ဒေါ်ကျင်မြ [၁၂/လမတ(နိုင်)၀၁၆၉၉၆] | ဒေါ်တင်တင်လှိုင် [၁၂/လမတ(နိုင်)၀၁၀၉၇၄] | |
| ၄ | ခ–၂၈၈ | ဦးလှငွေ [၁၂/ဗဟန(နိုင်)၀၈၁၆၉၄] | ဒေါ်သန်းသန်းညွှန့် [၁၂/လမတ(နိုင်)၀၁၅၈၉၃] | |
| ၅ | ခ–၃၂၄ | ဒေါ်တင်မြိုင် [၁၂/ဒဂန(နိုင်)၀၀၃၀၆၈] | ဒေါ်မိုးမိုးအေး(ခ)ဖရိဇာဘာနူး [၁၃/သပန(နိုင်)၀၃၂၀၄၆] | |

**ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**ဈေးတာဝန်ခံဖုန်းနံပါတ်–၀၉–၄၄၈၀၄၆၃၇၅**

## တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ယာဉ်ယန္တရားစီမံခန့်ခွဲရေးနှင့်ထိန်းသိမ်းရေးဌာနရှိ ပြုပြင်သုံးစွဲမရ တာယာနှင့် ဘက်ထရီအဟောင်းများ၊ ပြန်လည်ပြင်ဆင်အသုံးပြုမရသည့် စက်ပစ္စည်း အစိတ်အပိုင်းများနှင့် သံတိုသံစများအား ဈေးပြိုင်တင်ဒါစနစ်ဖြင့် တင်ဒါရောင်းချရန်အတွက် တင်ဒါခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၈)ရပ်ကွက်၊ ရောဝဏ်လမ်း၊ ယာဉ်ယန္တရားစီမံခန့်ခွဲရေးနှင့်ထိန်းသိမ်းရေးဌာနရုံးသို့လည်းကောင်း ဖုန်းနံပါတ်- ၀၉ ၅၀၇၈၅၆၁၊ ၀၉ ၅၁၅၄၉၁၆ ၊ ၀၉ ၄၄၃၀၃၆၅၆၄ သို့ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - ၃-၂-၂၀၂၆ ရက် |
| တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက် | - ၁၈-၂-၂၀၂၆ ရက် |
| လျှောက်လွှာနောက်ဆုံးပြန်လည်ပေးသွင်းရမည့်ရက် | - ၂၀-၂-၂၀၂၆ ရက် |
| တင်ဒါကျင်းပမည့်နေ့ရက် | - ၂၅-၂-၂၀၂၆ ရက် |
| တင်ဒါကျင်းပမည့်နေရာ | - (၂)ထပ်ခမ်းမရုံ |

**ယာဉ်ယန္တရားစီမံခန့်ခွဲရေးနှင့်ထိန်းသိမ်းရေးဌာန**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ စမ်းချောင်း ဂါးဒင်းကွန်ဒို၊ အမှတ်- (P-၁၀၀၂)နေ (ဘ) ဦးသိန်းမြင့်၏သမီး ဒေါ်ဇင်သူဇာသိန်း [၁၀/မလမ(နိုင်)၂၀၆၇၇၉] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ အကွက်အမှတ်- (၄၃)၊ ဦးပိုင်အမှတ်- (၃၆/က)၊ မြေချိန်ဧရိယာ (၀.၁၀၄)ဧကအနက်မှ ပူးတွဲပါမြေပုံပေါ်တွင် (B) အမှတ်ပြဖြစ်သော မြေချိန်ဧရိယာ- (၀.၀၅၁)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃)ထပ်ခွဲတိုက် နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်မိတ်ဆွေ၏ မိခင်ဖြစ်သူ ဒေါ်တင်တင်လှနှင့် မောင်နှမ (၃)ဦးမှ တရားဝင်ဂရန်အမည်ပေါက် ပူးတွဲပိုင်ဆိုင်သည့် အိမ်နှင့်မြေဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ မိခင်ဖြစ်သူ ကွယ်လွန်ပြီးနောက်ပိုင်းတွင် အဆိုပါ အိမ်နှင့်မြေကို ကျွန်ုပ်၏မိတ်ဆွေနှင့် ကျန်မောင်နှမ (၂)ဦးတို့မှ ဆက်လက်ပိုင်ဆိုင်သည့် အိမ်နှင့်မြေဖြစ်ပါသည်။

အထက်ဖော်ပြပါ အိမ်နှင့်မြေအား ကျွန်ုပ်မိတ်ဆွေနှင့် မောင်နှမ (၂)ဦးမှ ယနေ့ချိန်ထိ ပိုင်ဆိုင်မှုအား ခွဲဝေထားခြင်းမရှိသလို မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်းမရှိပါကြောင်းနှင့် အထက်ဖော်ပြပါ အိမ်မြေသည် ကျွန်ုပ်မိတ်ဆွေနှင့် ကျန်မောင်နှမ (၂)ဦးမှ ယနေ့ချိန်ထိ ဂရန်အမည်ပေါက် ဆက်လက်ပိုင်ဆိုင်သည့် အိမ်နှင့်မြေဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်သူဇာသိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသီဟထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၀၈၆)**
**အမှတ် (၅)၊ စွန်းလွန်းလမ်း၊ တောင်ဝိုင်း၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့။**
**၀၉-၂၆၄၉၄၆၅၁၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ ရွှေကံ့ကော်လမ်း၊ မြေကွက်အမှတ်(၂၈၈)ဟု ခေါ်တွင်သော ဒေါ်ခင်ခင်သန်း (ပီအီး-၁၃၈)၊ NYHE-၀၁၇၅၈၂အမည်ပေါက် (ပါမစ်)မြေအမျိုးအစား၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိသည့်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်း၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂)ထပ်တိုက်အဆောက်အဦ ရေ၊ မီးစုံအပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင်လက်ရောက်ရရှိပြီး အရှုပ်အရှင်းကင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု ဝန်ခံကတိပြုပြောဆိုသူ ဦးဝင်းမင်းသန့် [၁၂/ဒဂတ(နိုင်)၀၉၀၆၆၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မီမီခိုင် [၁၂/သဃက (နိုင်) ၁၆၆၃၈၂] မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များကိုတင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဒေါ်မီမီခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မြင့်မြင့်မူ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၇၇၄)**
**အမှတ်(၂၁၁၉)၊ သီရိရတနာ(၂)လမ်း၊ ထ/၁၆ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၂၁၄၄၅၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာ၊ သီလဝါဥယျာဉ်အိမ်ရာ၊ တိုက်အမှတ် (၈)၊ (၄)ခန်းတွဲ (၅)ထပ်တိုက်၏တတိယထပ်၊ (၄-လွှာ)၊ အခန်းအမှတ် (၃၀၄)၊ အကျယ်အဝန်း (၆၅၀)စတုရန်းပေရှိ တိုက်ခန်းသည် ဦးကျော်ငွေ [၁၂/မဂတ(နိုင်) ၀၂၆၃၄၉]မှ အမည်ပေါက်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး အခြားမည်သူတစ်ဦးတစ်ယောက်ထံသို့ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းထားခြင်းမရှိကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးအောင်မျိုးသန့် [၁၂/သကတ(နိုင်)၁၅၇၇၇၆]နှင့် ဒေါ်သဲအေးစိုး [၁၂/ဥကတ(နိုင်) ၁၃၅၈၈၆]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်းစာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားမူရင်း ခိုင်လုံစွာဖြင့် (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်မျိုးသန့် နှင့် ဒေါ်သဲအေးစိုးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးကျော်ခိုင်ဝင်း** | **ဒေါ်ဝေဖြိုးအောင်** |
| **LL.B, WIPO Switzerland** | **LL.B, WIPO Switzerland** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်- ၁၅၃၈၈)** | **(စဉ်- ၁၅၄၅၅)** |

**အမှတ်- ၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၉၈၁၉၉၃၀၀၊ ၀၉-၉၄၄၁၉၉၃၀၀၊ ၀၉-၇၉၈၄၅၈၆၂၇**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းအမှတ်- ၃၊ လူနေရပ်ကွက်အမှတ်- ၉၊ စိန်စီဂုဏ်ရောင်လမ်း၊ မြေကွက်အမှတ်(၈၄-က)၊ ဦးအေးကိုအမည်ပေါက်ဖြင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ မြေချပါမစ်ထွက်ရှိထားသော ဧရိယာအကျယ် (၂၀ပေx ၆၀ပေ) (၀.၂၇ ဧက) (၁၂၀၀)စတုရန်းပေရှိ အိမ်ခြံမြေနှင့် ရေ၊ မီးအစုံ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်တို့ဖြင့် တရားဝင်လက်ရောက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ယမင်းသူ [၁၂/ရပသ(နိုင်)၁၀၅၄၇၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေသင်းဦး [၁၂/ရကန(နိုင်)၀၅၂၆၇၀]မှ ဝယ်ယူရန်အတွက် စရန်တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ ယင်းအိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း တိကျခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်း(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေသင်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကိုကိုထက် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၅၆၃၀၉)**
**အမှတ်(၃၉)၊ မြောင်းမြလမ်း၊ ၁၈-ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၅၅၀၂၃၂၁**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(မြို့သစ်)ဆိပ်ကမ်းမြို့နယ်၊ မဟော်သဓာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၈၇)၊ မြေကွက်အမှတ်(၉၀၉/ခ)ဟုခေါ်တွင်သောမြေ (အလျား ၂၀ပေx အနံ ၆၀ပေ) အကျယ်အဝန်းရှိ ဂရန်မြေမူရင်းမြေကွက် အပါအဝင် အဆိုပါမြေကွက်ပေါ်တွင် တည်ဆောက်ထားသော တစ်ထပ်တိုက်နေအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးသူရမော် [၁၂/ဥကတ(နိုင်) ၁၉၇၈၅၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သွယ်သွယ်မြင့်အောင် [၉/ပဘန(နိုင်)၁၆၂၆၃၇]မှ အပြီးအပိုင် လက်ရောက်ပိုင်ဆိုင်ထားပြီး အဆိုပါမြေကွက်အပါအဝင် ဂရန်မူရင်း၊ အခြားအဆက်အစပ်စာချုပ်စာတမ်းနှင့် စာရွက်စာတမ်းများကို လက်ရောက်လက်ခံလွှဲပြောင်း ရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါမြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်းမှသာ ပိုင်ဆိုင်ပါကြောင်းနှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမျိုးရန်အောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၄၆၉၉၉/၂၀၀၆)**
**အမှတ်(၂၄/အေ)၊ ရန်ပြေ(၁၃)လမ်း၊ (၃)ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ 09-966663767**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၅၄၊မြေကွက်အမှတ်-၄၃၃/က၊မြေကွက်တည်နေရာအမှတ်-၄၃၃/က၊ဖွဲ့ကပင်(၅)လမ်း၊၅၄ရပ်ကွက်၊ဒဂုံတောင်၊ဦးဝင်းရွှေ(၁၂/သဃက(နိုင်)၀၆၀၉၈၁)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားဂရန်အမည်ပေါက်-ဦးဝင်းရွှေ(၁၂/သဃက(နိုင်)၀၆၀၉၈၁)ကိုယ်တိုင်မှမြေချပါမစ်မူရင်း၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊ဝင်စာအမှတ်-၃၆၉၆(၁၄-၃-၂၀၂၄)ဖြင့်မြေချပါမစ်နှင့်မြေငှားဂရန်လဲလှယ်ခွင့်ပြုပါရန်လျှောက်ထားခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာ(၁)ထပ်ပျဉ်ထောင်(၁)လုံးရှိပြီးကိုယ်တိုင်မနေ၊အမျိုးများထားရှိ၍ဦးဝင်းရွှေမှကွင်းဆင်းသိရှိကြောင်းလက်မှတ်ရေးထိုးပေးပါသဖြင့်၎င်း၏မြေချပါမစ်နှင့်မြေငှားဂရန်လဲလှယ်ခွင့်ပြုပါရန်လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၁၊ မြေကွက်အမှတ်- ၁၄၃၇၊ မြေကွက်တည်နေရာအမှတ်- ၁၄၃၇၊ တပင်ရွှေထီးလမ်း၊ (၄၁) ရပ်ကွက်၊ ဒဂုံမြောက် (ဒေါ်တင်တင်နွဲ့ K/RGN-၀၀၄၉၄၅) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်တင်တင်နွဲ့မှ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်ရှိ ၂၀၀၃ ခုနှစ် အမည်ပေါက်မှ ဘဏ်ချေးမြေပုံကူးယူခဲ့ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းစေရာ ၎င်းမြေပုံမူရင်းမှာ အသုံးပြုခဲ့ခြင်းမရှိဘဲ အထားအသိုမှားယွင်းပြီး ပျောက်ဆုံးသွားပါသဖြင့် ၎င်းမြေပုံပျောက်ဆုံးသွားခြင်းနှင့်ပတ်သက်ပြီး မည်သည့်ဘဏ်တွင်မှ ချေးငွေယူထားခဲ့ခြင်းမရှိကြောင်း၊ ဂရန်မူရင်းမှာလည်း မိမိလက်ဝယ်တွင်ရှိကြောင်း၊ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက တာဝန်ယူပါကြောင်း၊ ကျမ်းကျိန်လွှာပူးတွဲ၍ ရှင်းလင်းတင်ပြလာပါသဖြင့် ဒေါ်တင်တင်နွဲ့မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထား များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ (၇) ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ မြေကွက်အမှတ်(၁၅၈/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀ x ၆၀)ပေရှိ ဦးမောင်မောင်အမည်ပေါက် နှစ်(၆၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦနှင့် လျှပ်စစ်မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်သန်းဝင်း [၁၂/အလန (နိုင်) ၀၂၂၂၄၉] မှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မိုးနှင်းဖြူ [၁၃/ကလတ(နိုင်)၀၂၄၄၂၆] မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်တို့၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်မိုးနှင်းဖြူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်ဖြူဝေဝေအောင်** | **ဒေါ်သီမ့်သန္တာအောင်** | **ဒေါ်ယမင်းဖြူဖြူသိန်း** |
| **(LL.B)** | **(LL.B)** | **(LL.B (Q))** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၈၂၅၀)** | **(စဉ်-၄၈၂၂၉)** | **(စဉ်-၅၇၀၅၃)** |

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉**

## Marelli Engineering Yangon Company Limited
## (Company Registration No: 106649294)
## Notice of the Final General Meeting
## For Members' Voluntary Winding-up

Pursuant to Section 357(a) of the Myanmar Companies Law and/or Section 211(a) of the Insolvency Law

1. Pursuant to Section 357(a) of the Myanmar Companies law (2017) and/or Section 211 (a) of the Insolvency Law (2020), notice is hereby given that the Final General Meeting of Marelli Engineering Yangon Company Limited (the "**Company**") shall be held at Junction City Tower, No.3A Bogyoke Aung San Road, Level 13, Unit 13-04, Pabedan Township, Yangon on 9 February, 2026 at 10:00 am for the purpose of laying the liquidator's account of the winding-up and giving any explanation thereof.
2. The liquidator's account of winding up shall show how the winding up has been constructed and the property of the Company has been disposed of.
3. All members are invited to attend the Final General Meeting of the Company.

**U Min Thein**
**Liquidator**
**Insolvency practitioner registration number – 101684**
**Junction City Tower, No.3A Bogyoke Aung San Road, Level 13, Unit 13-04, Pabedan Township, Yangon**

## ဖခင်နှင့်မိခင်အမည်မှန်

ကျောက်မဲမြို့၊ အထက(၄) Grade-4 တွင် ပညာသင်ကြားနေသည့် မောင်နိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဝင်း [၅/အရတ(နိုင်)၀၉၂၁၉၄] ဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်ခမ်းယဉ် [၁၃/ကမန(နိုင်)၁၀၄၄၅၄] ဖြစ်ပါကြောင်း။

**ဦးနိုင်ဝင်း**

## အမည်မှန်

နောင်ချိုမြို့ အထက-၁ Grade-3 မှ အဖ ဦးအောင်သူရထွန်း [၁၃/နခတ (နိုင်) ၀၇၉၉၉၇]၏သမီး အမည်မှန်မှာ မကိုကိုးမေ ဖြစ်ပါကြောင်း။

**မကိုကိုးမေ**

## မော်တော်ယာဉ်/ မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ်ပျောက် လျှောက်ထားခြင်း

မော်တော်ဆိုင်ကယ် အမှတ်၊ ၇စယ/၉၃၄၃၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မျိုးမျိုး [၁၀/သထန (နိုင်) ၁၃၇၈၆၂]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်-

အမျိုးအမည်- Sawasdee 115
အမျိုးအစား - Motorcycle

**က.ည.န၊ ခရိုင်ရုံး(သထုံ)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(နန-၃)၊ ဦးပိုင်အမှတ်(၅၃)၊ ၆၇x၆၈ လမ်းကြား၊ ၁၂၃ လမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမောင်မောင်ခိုင်[၅/ကလတ(နိုင်) ၀၅၄၆၉၆]က အမှုတွဲအမှတ် (၄၉၆၄/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပုသိမ်ခရိုင် တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၃

ဦးဇော်လင်း } နှင့် {
၁။ ဒေါ်သန်းသန်းအေး
၂။ ဒေါ်မြင့်မြင့်သိန်း
၃။ ဦးစိုးလွင်
၄။ ဦးမောင်မောင်အေး
၅။ ဒေါ်စန်းစန်းမြင့်
၆။ ဒေါ်စန်းစန်းရွှေ

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ ရွှေသရဖူကွန်ဒို (ရွှေမြို့တော်ချစ်တီးထမင်းဆိုင်ရှေ့)၊ အမှတ်(G-23)ရပ်နေ ဒေါ်မြင့်မြင့်သိန်း သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေဆိုင်မောင်နှမများအတွင်း မိသားစု စီမံမှုနှုတ်ကတိပဋိညာဉ်အရ သဘောတူညီထားသည့်အတိုင်း ကွယ်လွန်သူ အမွေရှင်ကျန်ရှိသော ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ကွင်းအမှတ်(ဒိုက်တူကွင်း-၁၇၅-၈)၊ ဦးပိုင်အမှတ်(၁၈/ဃ)၊ မြေဧရိယာ(၀.၃၅၂)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်နှင့် ဆက်စပ်လျက်ရှိသည့် ဦးပိုင်အမှတ်(၁၈/က)၊ ရှေ့မျက်နှာ၀(၅၀ပေ) x အနောက်ဘက်(၁၂၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ စည်သွတ်ဘူးစက်ရုံ အပါအဝင် ပိုင်ဆိုင်မှုစာရွက်စာတမ်းများအားလုံး တရားလို အမွေဝေစုခွဲဝေ လက်ရောက်ပေးအပ်စေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်။(၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁) အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အိအိဖြိုး)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ပုသိမ်ခရိုင်တရားရုံး**

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ သာယာကုန်းကျေးရွာအရှေ့ပိုင်းနယ်နိမိတ်တွင်တည်ရှိသော ကျေးရွာအမည်- သာယာကုန်း၊ ကွင်းအမှတ်(၉၈၈-က)၊ ကွင်းအမည်- သာယာကုန်း၊ ဦးပိုင်အမှတ် (၁၉/ခ)၊ မြေလုပ်ကိုင်သူအမည်-ဦးလှကြွယ်၊ မြေအမျိုးအစား(R4)၊ ဧရိယာ (၁.၇၁)ဧကနှင့် ဦးပိုင်အမှတ် (၁၉/ဃ)၊ မြေလုပ်ကိုင်သူအမည်-ဦးလှကြွယ်၊ မြေအမျိုးအစား (R4)၊ ဧရိယာ (၂.၁၂)ဧက၊ ဦးလှကြွယ် [၁၂/လကန(နိုင်) ၀၈၈၈၇၅] အမည်ဖြင့် မြေခွန်ပြေစာထွက်ရှိသော စုစုပေါင်း (၃.၈၃)ဧက၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှကြွယ် ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်မင်းထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၄၀၁)**
**အမှတ်(၁၀၅)၊ ရန်ကင်းဘုရားလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်။ ဖုန်း-၀၉-၄၅၁၁၂၈၇၇၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အနော်ရထာစက်မှုဇုန် (တတိယအဆင့်)၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/တိုးချဲ့)၊ လူနေဇုန်ရှိ မြေကွက်အမှတ် (၄၂၀၊ ၄၂၁၊ ၄၂၂၊ ၄၂၃၊ ၄၂၄၊ ၄၂၅၊ ၄၂၆၊ ၄၂၇၊ ၄၂၈၊ ၄၂၉ ) မြေကွက်(၁၀) ကွက်တို့အား ရှင်သန်စေကုမ္ပဏီ(မှတ်ပုံတင်အမှတ်-၁၁၃၃၇၅၀၂၇) အမည်ဖြင့် မြေချပါမစ် (၁၀)စောင် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထား(မူရင်း)များတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးပြုံးချို [၈/ဆပဝ(နိုင်)ဝ၉၉၇၆၃]ကိုင်ဆောင်သော ရေယာဉ်အုပ်လက်မှတ် အမှတ်(ဆဒ-၁၁၁/၁၉)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၀၇၈၄၁

## ပျောက်ဆုံးကြောင်း

ဦးစန်းမြင့် [၁၂/ပဘတ(နိုင်)၀၀၀၁၀၇]ပိုင် သံ(၁၇၆)ရေယာဉ်၏ လုပ်ငန်းလိုင်စင်အပိုင်း (၁+၂) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။

09-799373798

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ကျေးရွာအမည်-အိုးတန်း၊ ကွင်းအမှတ်(၆၉၄)၊ ကွင်းအမည်(သစ်ဖြတ်ချောင်း)၊ ဦးပိုင်အမှတ်(၁၀၈က/၉)၊ ဧရိယာ(၀.၀၅)ဧကရှိ မြို့မြေတိုးချဲ့ကျပြီး မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တိုက်ကြီးမြို့နယ်၊ အိုးတန်းရပ်ကွက်၊ ရွာတန်းရှည်(၄)လမ်း၊ အကျယ်အဝန်း(၃၀ပေx၆၇ပေ)ရှိ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ**ဒေါ်မိုမိုကို [၈/မကန(နိုင်)၁၉၃၀၂၂]**က ၎င်းသာလျှင် တရားဝင်လက်ဝယ်ထားရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်မေဖူးပွင့်လွှာ[၁၂/ဒဂမ(နိုင်)၀၃၂၂၁၈]**မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊စာရွက်စာတမ်း မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်မင်းသူ့နို့ဖြိုး(စဥ်-၁၂၈၄၆)** | **ဒေါ်စုစုမွန်(စဥ်-၁၃၄၉၆)** |
| **[တရားလွှတ်တော်ရှေ့နေ]** | **[တရားလွှတ်တော်ရှေ့နေ]** |
| **[LL.B,D.I.P.L,DL-101WIPO(Switzerland)]** | **[LL.B,D.B.L,D.I.L,D.I.P.L,DL-101WIPO(Switzerland)]** |

**ဖုန်း - ၀၉-၇၉၉၆၆၄၅၅၇၊ ၀၉-၇၈၁၅၃၅၈၂၄၊ ၀၉-၅၀၄၉၁၇၄**
**အမှတ် - ၃၀၂(၁၂+၁)၊ Parami Condominium၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

